# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**ငါ့နိုင်ငံ ငါ့ပြည်ထောင်စုဆိုသည့်စိတ်ထား ဖြစ်တည်နေမှုသာလျှင်** — ဆောင်းပါး စာ ၆

**ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၆၃ ဘီလီယံရရှိ** — နိုင်ငံတကာသတင်း စာ ၁၄

**မြို့သစ်မြို့နယ်၌ ကြက်သွန်နီ(ဥစိုက်)များ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရ** — စီးပွားရေးသတင်းများ စာ ၁၈

# လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်း ကုန်ထုတ်စွမ်းအား မြင့်မားအောင်စွမ်းဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်း မြို့ပြကျေးရွာများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တည်ငြိမ်အေးချမ်းစေရေး၊ ပညာသင်ကြားနိုင်ရေး၊ ပြည်တွင်းရှိ ရေ၊ မြေ၊ လုပ်အားအရင်းအမြစ်များကို အသုံးချကာ စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုများ မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံ၏ လူဦးရေ သုံးပုံနှစ်ပုံခန့်မှာ ကျေးလက်ဒေသများတွင် နေထိုင်ပြီး အဓိကစီးပွားရေးအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုက်ရိုက်အားဖြင့်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း ဆောင်ရွက်အသက်မွေးနေကြခြင်းဖြစ်သည်။ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာဆောင်ရွက်နိုင်သည့် ရေမြေသယံဇာတများ ပေါများပြီး လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်သည့်တိုင် ထုတ်လုပ်နိုင်စွမ်းအားနည်းခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို ဖြစ်ပေါ်စေခြင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရိက္ခာဖူလုံမှုမရှိခြင်းတို့ ဖြစ်ပေါ်နေသည်။ ထုတ်လုပ်နိုင်စွမ်းအားနည်းခြင်း၊ ရိက္ခာမဖူလုံရခြင်း၏ အကြောင်းများတွင် စိုက်ပျိုးသီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှု၊ သီးထပ်စိုက်ပျိုးမှုတို့ အားနည်းခြင်း၊ စိုက်ပျိုးရန် အခြေခံ ရေသယံဇာတများ အလုံအလောက်ရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်မှုမရှိခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို လိုက်ပါဆောင်ရွက်မှုမရှိခြင်း စသည်တို့ပါဝင်နေရာ လုံ့လဝီရိယနှင့် ကြိုးပမ်းအားထုတ်မှုတို့ လိုအပ်နေခြင်းကြောင့်ပင် ဖြစ်သည်။

စိုက်ပျိုးမြေသယံဇာတများကို အကျိုးရှိစွာအသုံးချကာ တစ်နှစ်ပတ်လုံး လူမအား မြေမနား စဉ်ဆက်မပြတ် စိုက်ပျိုးမွေးမြူ ထုတ်လုပ်နေခြင်းအားဖြင့် ကုန်ထုတ်စွမ်းအား မြင့်မားလာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည် ဖြစ်သည်။ လက်ရှိအခြေအနေတွင် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို ပြည်ပဈေးကွက်များသို့ တင်ပို့ရာတွင် အများအားဖြင့် ကုန်ကြမ်းအတိုင်းတင်ပို့နေခြင်းဖြစ်ရာ ဈေးနှုန်းအားဖြင့် ရသင့်ရထိုက်သလောက် မရရှိနိုင်ကြောင်း တွေ့ရှိရသည်။ ပြည်တွင်းစိုက်ပျိုးမွေးမြူလုပ်ငန်းများမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် ရရှိသောကုန်ချောများကို တင်ပို့ရောင်းချခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ပြည်ပဝင်ငွေ တိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

ကုန်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် တိုင်းပြည်၏ အဓိကမောင်းနှင်အားပင်ဖြစ်ပြီး ပြည်တွင်းမှ ရရှိနိုင်သည့် ကုန်ကြမ်းများဖြင့် စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်ကာလအတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍအပိုင်းတွင် အားစိုက်ထုတ်မှု နည်းပါးခဲ့ရာ ကိုယ့်နိုင်ငံကုန်ကြမ်းဖြင့် ကိုယ့်ဘာသာ ထုတ်လုပ်နိုင်သည့် လူသုံး၊ အိမ်သုံး၊ စားသုံးကုန်ပစ္စည်းတို့ကိုပင် အိမ်နီးချင်းနိုင်ငံတို့မှ တင်သွင်းစားသုံးကြရသည်။ နည်းပညာအားဖြင့် မြင့်မားသည့် ပစ္စည်းမျိုးမဟုတ်သည့်အပြင် အချို့ဆိုလျှင် မိမိနိုင်ငံတွင် ပို၍အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်သည့် ပစ္စည်းမျိုးကို ဝယ်ယူစားသုံးနေရခြင်းမှာ နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေသည်။ ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့ရောင်းချပြီး ထိုကုန်ကြမ်းဖြင့် ထုတ်လုပ်သည့် ကုန်ချောကို ပြန်လည်ဝယ်ယူမည့်အစား အဆင့်မီကုန်ချောကို ပြည်တွင်း၌ပင် ထုတ်လုပ်၍ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူရသည့်အချိန်အတွင်း ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအနေဖြင့် ရေ၊ မြေ၊ သဘာဝသယံဇာတတို့ မည်မျှပြည့်စုံကြွယ်ဝပါစေ အဓိကဖန်တီးလုပ်ကိုင်ရသည့် လူသားအရင်းအမြစ်က အကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်မှသာ ကြွယ်ဝချမ်းသာနိုင်မည်ဖြစ်သည်။ ကိုယ့်နိုင်ငံ၏ ရေမြေသယံဇာတနှင့် ကွာခြားခြင်းမရှိသောဒေသတွင်း နိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံ၏ ဂျီဒီပီမှာ နိမ့်ကျလျက်ရှိနေရာ ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရန် အခြေအနေကောင်းများ လက်တွေ့ကျကျဖန်တီးပေးခြင်း၊ လုံ့လဝီရိယစိုက်ကာ ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားစေရပါမည့်အကြောင်း။ ။



## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူမှုရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာကိစ္စရပ်များအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့် အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

### အမျိုးသားရေးရည်မှန်းချက် ၂ ရပ် အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါ်များရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ထားကြောင်း၊ ၎င်းသည် နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးကို GDP ဖြင့် တိုင်းတာကြပြီး အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ရရှိရန်လိုကြောင်း၊ **နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊** ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံစီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး အမြဲတိုက်တွန်းမှာကြားလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ **ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း။**

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME ထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို

မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ပြည်ပဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ သုတေသနပြု ဆောင်ရွက်ကြရန်လိုကြောင်း။

**❖ ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လို၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားအသီးအနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်သွားရန်လို**

**❖ အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို**

ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားအသီးအနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေးသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမျိုးရင်းများကိုလည်း မပျောက်ပျက်အောင် သုတေသနပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။**

မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေး ဒေသနှင့်ကိုက်ညီသည့် မျိုးများကို မွေးမြူနိုင်ရန်နှင့် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုး မွေးမြူခြင်းမဟုတ်ဘဲ ဇုန်များအလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့် နိုင်ငံ၏အကျိုးကို များစွာအထောက်အကူဖြစ်စေသောကြောင့် လုပ်ငန်းများအောင်မြင် တိုးတက်ဖွံ့ဖြိုးစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊ စံပြမြို့၊ စံပြခရိုင်များ သတ်မှတ်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ **ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်နှင့် ထုတ်ကုန်များအလိုက် စံပြဆုများပေးအပ်၍ ဆောင်ရွက်သွားနိုင်ပါက အခြားကျေးရွာ၊ မြို့နယ်၊ ခရိုင်များမှလည်း အတုယူ၍ လိုက်ပါဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊** မိမိတို့ အစိုးရအဖွဲ့အစည်းအသီးသီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် နောင်တစ်ချိန်တွင် သမိုင်းဖြစ်လာမည်ဖြစ်ကြောင်း။

### ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ လာမည့် ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား

*စာမျက်နှာ ၄ သို့*




တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

**■ နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိ၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်**

**■ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရ၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်**

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်

*စာမျက်နှာ ၃ မှ*

ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက်လည်း တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုအဖြစ် Polytechnic University များကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခု၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာမည့် ပညာသင်နှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းထားသည့် တက္ကသိုလ်တစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၌ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ Polytechnic Institute တစ်ခုကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းမိသားစု သားသမီးများ၏ ပညာရေးကို အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ လူငယ်များနှင့် ဆက်စပ်နေသည့် အားကစားကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြီး အားကစားသမားများ၏ စံချိန်များမြင့်မားလာစေရေး ဆောင်ရွက်သွားရန်လိုပြီး မှတ်တမ်းများ စနစ်တကျထားရှိရန် လိုကြောင်း၊ အားကစားကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍လည်း ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဝေးလံခေါင်ဖျားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက တတ်နိုင်သရွေ့ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

**မိမိတို့အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာ နယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများ မရှိစေရေး စနစ်တကျ မြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း။**

### အွန်လိုင်းလောင်းကစားနှင့် ဆက်စပ်ဒုစရိုက်မှုများကို ပြတ်ပြတ်သားသား နှိမ်နင်းမည်

တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာ နယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့် အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း။

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းမှ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို စနစ်တကျတွက်ချက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန် လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ မဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine)ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### အသီးသီးရှင်းလင်းတင်ပြ

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးရန်ရှိသည်များကို တင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ပျံချီခေတ်မီစံပြကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပျံချီခေတ်မီစံပြကျေးရွာ၌ ပြုလုပ်သည်။



ဦးစွာ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးလင်းက အမှာစကားနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဆရာ ဆရာမများက မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု၊ အိမ်တွင်း ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် စသည့် အသိပညာ ဗဟုသုတများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

---

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ် အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ဝါသီးနှံနှင့် နေကြာသီးနှံ အထွက်နှုန်းမြင့်မားရေး လက်တွေ့ကွင်းဆင်း သရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မြောင်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ ချည်မျှင်ရှည်ဝါစိုက်ကွင်းသို့ ကွင်းဆင်းကြည့်ရှုသည်။**(ယာပုံ)**

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် ဝါစိုက်တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် နည်းပညာပေးမှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ကြ၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ အထိရရှိကာ အချို့သောစိုက်ကွက်များသည် ပိဿာ ၁၀၀၀ ခန့်အထိ ရရှိနေကြောင်း၊ သို့ရာတွင် အချို့သည်ပြည်တွင်းဝါမျိုးများကို အလေးထားစိုက်ပျိုးမှုမပြုသည့်အတွက် ပန်းတိုင်အထွက်နှုန်းမရဘဲ ပိဿာ ၄၀၀ ကျော်သာရရှိသဖြင့် ပြည်တွင်းဝါမျိုးများ၏ စိုက်ပျိုးဖြစ်ထွန်းမှု သိရှိစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ကွင်းပညာရှင်ဝန်ထမ်းများသည် နည်းပညာပေးစိုက်ခင်း၌ နေကြာသီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံ စိုက်နည်းစနစ်များ၊ သွင်းအားစုသုံးစွဲရေးဆိုင်ရာများ၊ စိုက်ပျိုးရေစနစ်တကျပေးသွင်းရေးနှင့် ဂွမ်းမွေးများ သန့်စင်ထားသည့် အရည်အသွေးမီ ဝါမျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ဝါအပင်ပေါက် ကောင်းမွန်ခြင်း၊ အရည်အသွေးကောင်း ဝါဂွမ်းများ ရရှိနိုင်ခြင်းကို လက်တွေ့ပြသ ဆွေးနွေးရှင်းလင်းကြပြီး တောင်သူများ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများနှင့်အတူ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာရှိ နေကြာသီးနှံစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအနေဖြင့် တောင်သူတစ်ဦးချင်းစီကို အသိပညာပေးဆောင်ရွက်နိုင်ရန် အကန့်အသတ်ရှိနေ၍ တောင်သူပညာပေးစိုက်ခင်းများထူထောင်ပြီး တောင်သူအစုအဖွဲ့များအလိုက် ပြသဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ယခုကဲ့သို့ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် သရုပ်ပြစိုက်ခင်းများတွင် လာရောက်လေ့လာပြီး စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံစက်မှုဇုန်၌ သစ်ပါးလွှာစက်ရုံဖွင့်

ဘားအံ ဖေဖော်ဝါရီ ၃

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီ၏ သစ်ပါးလွှာစက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဘားအံစက်မှုဇုန်ရှိ အဆိုပါ သစ်ပါးလွှာစက်ရုံ၌ ကျင်းပသည်။**

ဘားအံ စက်မှုဇုန်တွင် လည်ပတ်စက်ရုံ ၃၈ ရုံနှင့် တည်ဆောက်ဆဲစက်ရုံ ၂၂ ရုံရှိပြီး ယခုသစ်ပါးလွှာစက်ရုံကို ထပ်မံဖွင့်လှစ်ခဲ့သည့်အတွက် လည်ပတ်စက်ရုံ ၃၉ ရုံအထိ တိုးတက်လာကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ကံကောင်းခြင်းရတနာထုတ်လုပ်မှု လုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက သစ်ပါးလွှာစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**

ယနေ့ဖွင့်လှစ်သည့် ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီ သစ်ပါးလွှာစက်ရုံကို ရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၅ ဘီလီယံဖြင့် လျာထားတည်ဆောက်ခဲ့ပြီး စက်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ သစ်ပါးလွှာထုတ်လုပ်နေရာမှ နောင်တွင် နည်းပညာ ဆန်းသစ်တိုးမြှင့်၍ အထပ်သား၊ ကြိတ်ပြား၊ သစ်အချောထည်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ် ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသတွင်းရှိ အရင်းအမြစ်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ရရှိစေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး မိမိတို့အကျိုး၊ ဒေသနှင့် တိုင်းရင်းသားလူမျိုးများအကျိုးတို့ကို ဆတက်ထမ်းပိုးကြိုးပမ်းအားထုတ်၍ ကရင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဘားအံစက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နိုင်ရေး Infrastructure ပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး စသည့်ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ကံကောင်းခြင်းရတနာထုတ်လုပ်မှု လုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကား ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပါးလွှာစက်ရုံရှိ အထပ်သားအခွံခွာအကြမ်းစက်၊ အထပ်သားအချောစက်၊ ခေါသွေးစက်၊ ဖိသိပ်ထုပ်ပိုးစက်များဖြင့် ရော်ဘာသစ်ပါးလွှာထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် အရည်အသွေးခွဲခြား ပါကင်ထုပ်ပိုးထားရှိမှုနှင့် စက်ရုံထုတ်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြုဆောင်းပါး

# ငါ့နိုင်ငံ ငါ့ပြည်ထောင်စုဆိုသည့်စိတ်ထား ဖြစ်တည်နေမှသာလျှင်

**စွမ်းပြည့်**

ကွာဟချက်များလွန်းတဲ့ ကမ္ဘာကြီး၊ ပြဿနာများလွန်းတဲ့လူ့အဖွဲ့အစည်းမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သဘောထားမမျှ၊ မကျေလည်သမျှ၊ မညှိနှိုင်းတတ်၊ ဖြေရှင်းနိုင်စွမ်းမရှိ၊ လက်နက်ကိုင်ဖြေရှင်းနေကြသရွေ့ ဘယ်သောအခါမှ ငြိမ်းချမ်းမှာမဟုတ်။

**အောင်မြင်တဲ့စေ့စပ်ညှိနှိုင်းမှုက အရည်အချင်းတစ်ရပ်ဖြစ်**

ကိုယ်အနိုင်ယူ၊ သူအရှုံး အတွေးအခေါ်အောက်မှာ သူလည်းအနိုင်၊ ကိုယ်လည်းအနိုင်၊ အားလုံးအနိုင်ဆိုတဲ့ ခံယူချက်နဲ့ မတူတာခဏဖယ်၊ တူတာအရင်ညှိလုပ်မယ် ဆိုတဲ့ အယူအဆတွေဟာ ပျောက်ကွယ်သွားလို့မဖြစ်ပါဘူး။ ပဋိပက္ခဖြစ်လာရင် ညှိနှိုင်းယူကြမယ်၊ ပေါင်းစပ်ကြမယ်၊ လက်ခံနိုင်လောက်တဲ့အထိ ဆွေးနွေးကြမယ်၊ ဘုံရည်မှန်းချက် တစ်ခုရအောင်လုပ်ကြမယ်၊ ဒါမှ တန်းတူညီမျှမှုကိုရနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုး အခြေခံရှိရမယ့်အပြင် အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ခံယူချက်ကိုလည်း ခိုင်ခိုင်မာမာထားကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ညှိနှိုင်းပေါင်းစပ်ခြင်းဆိုတဲ့ စွမ်းရည်ကို လုံးဝမေ့မထားသင့်ပါဘူး။ ပြဿနာ ရှိလာရင်ဖြစ်ဖြစ်၊ ပဋိပက္ခ မကြီးထွားစေချင်ရင်ဖြစ်ဖြစ် အောင်မြင်တဲ့ ညှိနှိုင်းစေ့စပ်မှုနဲ့ ပဋိပက္ခပြေငြိမ်းသွားစေတာဟာ တကယ့်အရည်အချင်းတစ်ရပ်ပါ။ ယနေ့ခေတ်လို ပြဿနာများလွန်းတဲ့ ခေတ်ကြီးမှာ အလွန်လိုအပ်တဲ့ အရည်အချင်းတစ်ရပ်လည်း ဖြစ်နေပါပြီ။ မညှိတတ်လို့၊ မစေ့စပ်နိုင်လို့၊ မပေါင်းစပ်နိုင်ကြလို့ ပဋိပက္ခတွေ ကြီးထွားနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြောတော့သာလွယ်တာ၊ ညှိနှိုင်းယူခြင်းဆိုသည်မှာ အလွန်ကိုခက်တဲ့အလုပ်ဆိုတာ လက်တွေ့သာဓကများအရ တွေ့နေရပါတယ်။

**ကိုယ့်ကိုယ်ကိုယ်ဝေဖန်သုံးသပ်မှုမှာ အားနည်းနေ**

မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်၊ ကမ္ဘာကြီးမှာလည်း ထိုနည်းအတိုင်း၊ နောက်ပိုင်း နိုင်ငံတကာမှာ ပဋိပက္ခအရှုပ်အထွေး အလွန်များလာတယ်။ ကမ္ဘာကြီးရဲ့ နေရာအချို့မှာ ယဉ်ကျေးပါတဲ့ လူ့အဖွဲ့အစည်းတချို့မှာတောင် ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရမယ့်အစား အင်အားအလွန်အကျွံသုံးပြီး ဖြေရှင်းလာကြတယ်။ မှန်ကန်တဲ့ အဖြေကို မရတဲ့အတွက် လက်နက်ကသာအားကိုးရာ၊ အင်အားကသာ အစစ်အမှန်ဆိုပြီး တလွဲတွေ ဖြစ်လာတယ်။ အင်အားသုံးဖြေရှင်းတဲ့အခါ ရေတိုမှာပြီးသွားပေမယ့် ရေရှည်မှာတော့ လိုချင်တဲ့အဆုံးသတ်မရနိုင်ကြပါ။

မဆုံးနိုင်သော၊ မတရားသောနည်းလမ်းတွေနဲ့ မှန်ကန်တဲ့အဖြေမရတဲ့အတွက် ငြိမ်းချမ်းခြင်းနဲ့ ဝေးနေရတာ ဖြစ်ပါတယ်။ အကောင်းဆုံးရလဒ်ကို လိုချင်ကြပေမယ့် မိမိအတွက်သာ အကောင်းဆုံးဖြစ်ရမယ်ဆိုတဲ့ သဘောထားတွေကြောင့် အဆိုးဆုံးတွေသာဖြစ်လာရတယ်။ အကောင်းဆုံးကို လိုချင်နေကြပေမယ့် အကောင်းဆုံးကော ဖြစ်ကြရဲ့လား၊ ပထမတော့ ကိုယ့်လူမျိုး၊ ကိုယ့်အခွင့်အရေးကို ကာကွယ်ချင်လို့၊ လိုချင်လို့ အကြောင်းပြတယ်၊ ကိုယ်လိုချင်တာနဲ့ အခွင့်အရေးမှန်သမျှ ရှေ့တန်းတင်ပြီး လောဘဇောနဲ့ ရယူချင်ကြတယ်။ နည်းမှန်၊ လမ်းမှန်မရွေးဘဲ မတရားတဲ့နည်းလမ်းနဲ့ လိုချင်ကြတယ်။

ကျွန်တော်တို့ဟာ သူများအပေါ် စွပ်စွဲဖို့၊ အပြစ်တင်ဖို့သာ အားသန်ပြီး ကိုယ့်ကိုယ်ကိုယ်ဝေဖန်တာ၊ ပြန်သုံးသပ်နိုင်စွမ်းတွေမှာ အားနည်းတတ်ကြတယ်။ အပြစ်ကိုသူများကို လွှဲချတတ်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့ကျ ဝန်လေးသူတွေဖြစ်ကြတယ်။ ဒါကြောင့် ကိုယ့်အမှားကိုယ်လည်း မသိတော့ဘဲ အမှန်ကိုမြင်နိုင်ဖို့ ခဲယဉ်းနေကြခြင်းဖြစ်တယ်။

နိုင်ငံအနေနဲ့ကြည့်ရင် မြန်မာပြည်မြေပုံကို ပြောင်းလဲချင်သူတွေနဲ့ အချင်းချင်းအုပ်စုဖွဲ့ တိုက်ခိုက်နေတဲ့ လက်နက်ကိုင်တွေကြောင့် ပြည်ထောင်စုကြီးပြိုကွဲမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး ဒီအန္တရာယ်ကို တပ်မတော်က ကြိုးစားကာကွယ်နေရချိန်လည်း ဖြစ်တယ်။ အင်အားကသာ အဓိကလို့ မှတ်ယူလာတဲ့အခါ သမိုင်းကို အာဏာနဲ့

❝ မဆုံးနိုင်သော၊ မတရားသောနည်းလမ်းတွေနဲ့ မှန်ကန်တဲ့အဖြေမရတဲ့အတွက် ငြိမ်းချမ်းခြင်းနဲ့ ဝေးနေရတာ ဖြစ်ပါတယ်။ အကောင်းဆုံးရလဒ်ကို လိုချင်ကြပေမယ့် မိမိအတွက်သာ အကောင်းဆုံးဖြစ်ရမယ်ဆိုတဲ့ သဘောထားတွေကြောင့် အဆိုးဆုံးတွေသာ ဖြစ်လာရတယ်။ အကောင်းဆုံးကို လိုချင်နေကြပေမယ့် အကောင်းဆုံးကော ဖြစ်ကြရဲ့လား၊ ပထမတော့ ကိုယ့်လူမျိုး၊ ကိုယ့်အခွင့်အရေးကို ကာကွယ်ချင်လို့၊ လိုချင်လို့ အကြောင်းပြတယ်၊ ကိုယ်လိုချင်တာနဲ့ အခွင့်အရေးမှန်သမျှ ရှေ့တန်းတင်ပြီး လောဘဇောနဲ့ ရယူချင်ကြတယ်။ နည်းမှန်၊ လမ်းမှန်မရွေးဘဲ မတရားတဲ့နည်းလမ်းနဲ့ လိုချင်ကြတယ် ❞

တည်ဆောက်ဖို့အတွက် အတ္တရှေ့တင်ပြီး အရှက်အကြောက်မရှိ၊ လက်ရဲဇက်ရဲ တိုက်ခိုက်လာကြခြင်းဖြစ်တယ်။ ရလဒ်အနေနဲ့နောက်ဆုံးမှာ အားလုံးပျက်စီးခြင်းဆီသာ ဆိုက်ရောက်ရတော့တယ်။ ကိုယ်ကျိုးကြည့်လွန်းတဲ့စိတ်ဓာတ်တွေ၊ အသာရချင်စိတ်တွေများနေကြတဲ့အတွက် တရားမျှတမှုဆိုတဲ့ ယဉ်ကျေးမှုကို နားမလည်နိုင်တော့တဲ့အခြေအနေထိ ဖြစ်လာနေတယ်။

**ညှိနှိုင်းဆွေးနွေးခြင်းက အရေးပါတဲ့အတွက်**

ညှိယူတတ်ရမယ်ဆိုတဲ့အချက်မှာ မိမိကစပြီး နိုင်ငံအဆင့်အထိ ပါပါတယ်။ မိမိခန္ဓာကိုယ်ပင်လျှင် ဟန်ချက်ညီအောင် ညှိယူနေရတာတွေ အများကြီး သတိမထားမိလို့ပါ။ တစ်နေ့တစ်နေ့ မိမိစိတ်နဲ့ရုပ်ခန္ဓာ သဟဇာတဖြစ်နေမှ အလုပ်လုပ်လို့ကောင်းပြီး ကျန်းကျန်းမာမာလည်း ရှိတာပါ။ မိသားစုမှာလည်း ထိုနည်းတူ၊ မိသားစုအရေး ညှိနှိုင်းတိုင်ပင်ကြရတယ်၊ လုပ်ငန်းခွင်မှာလည်း ထိုနည်းလည်းကောင်း၊ လုပ်ငန်းတစ်ခုအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ကြကိုင်ကြရတယ်။ နိုင်ငံအဆင့်မှာတော့ ပိုအရေးကြီးသွားတယ်၊ လုပ်ငန်းသဘောသဘာဝ မတူညီတဲ့ဌာနတွေအကြား၊ အဖွဲ့အစည်းတွေ အကြား ညှိနှိုင်းပေါင်းစပ်ပြီးမှ အလုပ်လုပ်ကြရတယ်။ ယနေ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်လမ်းကြောင်းကို ရွေးချယ်ထားတဲ့ ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံမျိုးအတွက် ပိုလို့ပင် အရေးကြီးပါတယ်။ အထူး သတိထား ဝီရိယထားပြီး ညှိနှိုင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်အတိုင်း သွားနေပါတယ်။ တစ်ဖက်မှာ ထာဝရငြိမ်းချမ်းရေးအတွက် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်နေပေမယ့် တည်ဆောက်သူနဲ့ ဖျက်ဆီးသူ၊ အပြုသမားနဲ့အဖျက်သမားရယ်လို့ ကွာဟချက်ကို ကြီးကြီးမားမား တွေ့နေရတယ်။ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးနဲ့ အချုပ်အခြာကို ဘယ်သူကပိုအလေးထားနေပါသလဲ၊

မြို့ရွာ၊ အိုးအိမ်၊ လျှပ်စစ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ စေတီပုထိုးမကျန် အဖျက်အဆီးကြားက၊ အပျက်အစီးများကြားက ငြိမ်းချမ်းရေးကိုဖိတ်ခေါ်တာလည်း အကြိမ်ကြိမ်...။ ဒါပေမယ့်လည်း စိတ်ရှည်ရှည်ထားတယ်၊ အားလုံးလက်ခံနိုင်တဲ့ ဘုံရည်မှန်းချက်ထားပြီး လုပ်ငန်းစဉ်တစ်လျှောက်မှာ သက်ဆိုင်သူအားလုံးပါဝင်လာတဲ့အထိ အားလုံးနဲ့ ညှိယူနေရတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ပြည်ထောင်စုကြီး စည်းလုံးဖို့၊ ညီညွတ်ဖို့ကို ဦးတည်ပြီး ပေါင်းစပ်ညှိနှိုင်းနေရမှာပဲ၊ မိမိတို့ရဲ့ ညှိနှိုင်းမှုစွမ်းရည်ကို ပြသနေရမှာပဲဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့နိုင်ငံသားတွေကြား၊ ညီအစ်ကိုတိုင်းရင်းသားတွေ ကြားမှာ အချင်းချင်း ယုံကြည်မှုရလာမယ်၊ နားလည်မှုရလာကြမှာ ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် တန်းတူညီမျှ ညီညွတ်မျှတမှုရရှိလာမယ်၊ ထိုမျှတမှုကနေ လိုချင်တဲ့ စည်းလုံးညီညွတ်မှုလည်း ရလာမယ်လို့ ယုံကြည်ထားတယ်။

ဒီယုံကြည်ချက်ကနေ အင်အားတောင့်တင်းတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို မျှော်လင့်ထားတဲ့အတွက် ပါဝင်သက်ဆိုင်သူအားလုံးဟာ စားပွဲဝိုင်းမှာပဲ ပူးပေါင်းညှိနှိုင်း စကားပြောရမှာဖြစ်ပြီး အဖြေမရရအောင် ရှာရမယ်လို့ ခံယူကြရမှာဖြစ်ပါတယ်။ ဒီအခါမှာ အားလုံးအရေးကြီးတဲ့အထဲမှာမှ အရေးကြီးတာတစ်ခုက ညှိနှိုင်းစေ့စပ်ပေါင်းစပ် လုပ်ကိုင်နိုင်ခြင်းစွမ်းရည်က အဓိကကျပါလား ဆိုတာ မြင်ရမှာဖြစ်ပါတယ်။

**ဘာကြောင့်အရေးပါရသလဲ**

ညှိနှိုင်းခြင်းဆိုတဲ့စွမ်းရည်က ဘာကြောင့် အရေးကြီးရပါသလဲ။ တစ်ဖက်ဖက် သို့မဟုတ် နှစ်ဖက်စလုံးမှာ ဒီလိုစွမ်းရည်မျိုး အားနည်းနေတဲ့အတွက်ကြောင့် လိုချင်တဲ့အဖြေမရဘဲ ငြိမ်းချမ်းရေးနဲ့ ဝေးနေရခြင်းဖြစ်တယ်လို့ ယူဆတဲ့အတွက် ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းမှုစကားဝိုင်းဆိုတဲ့ အမည်တပ်လိုက်တာနဲ့ ဆွေးနွေးသူအားလုံးမှာ အပေးအယူ၊ အလျှော့အတင်း၊ ဈေးဆစ်ခြင်းသဘောတရားတွေ ပါလာပါပြီ။ အယူချည်းသက်သက်၊ အလျှော့ပေးလိုက်လျောလိုခြင်းမရှိ၊ ကိုယ့်ဘက်က အသာရဖို့ အမြတ်သက်သက်ပဲ တွက်တဲ့ စေ့စပ်ညှိနှိုင်းမှုမျိုးမှာ ဘာသဘောတူညီမှုမျိုးမှ မရနိုင်သလို အောင်မြင်စရာအကြောင်းလည်း မရှိပါဘူး။

နိုင်ငံတော်ဘုံအကျိုးစီးပွားနဲ့ မိမိအကျိုးစီးပွားမှာ အကျိုးစီးပွားချင်း မတူကြတဲ့အတွက် ဦးတည်ချက်ခြင်းလည်း မတူနိုင်ပါဘူး။ နိုင်ငံတော်အကျိုးနဲ့ ပြည်ထောင်စုအကျိုးစီးပွား၊ ရှေးရှုသူနဲ့ လျစ်လျူရှုသူအကြားမှာ ရိုးသားဖြောင့်မတ်မှုဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ စေတနာအရာမှာ များစွာကွာဟသွားပါတယ်။ အမှားကိုမြင်ပြီး အမှန်အတိုင်းလုပ်တတ်တဲ့ ရိုးသားမှုနဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်တဲ့ ဖြောင့်မတ်မှုအပေါ်မှာ တန်ဖိုးထားတတ်မှုက အခြေခံလိုအပ်မှုပါ။

ရိုးသားဖြောင့်မတ်သူ တစ်ယောက်ဟာ လှည့်ဖျားကောက်ကျစ်ခြင်းမရှိ၊ တခြားသူအပေါ်မှာ လေးစားမှု၊ ယုံကြည်မှုနဲ့ နားလည်မှုကို ပေးစွမ်းနိုင်ပြီး မိမိအကျိုးစီးပွားကို အလွန်အမင်းရှေ့တန်းတင်လေ့မရှိပါဘူး။ မိမိအကျိုး ဘေးဖယ်ထားဖို့ကလည်း အတ္တ၊ လောဘ၊ ဉာဏ်ပညာအမြော်အမြင်ပေါ်မှာ အဓိက မူတည်နေပြန်တယ်ဆိုတော့... ညှိနှိုင်းမှု စကားဝိုင်းတစ်ခုမှာ မြင့်မားတဲ့ စိတ်ထားသဘောထားတွေအပေါ် အခြေမခံဘဲ၊ အားလုံးအတွက် အဆင်ပြေမယ့် အပေးအယူတစ်ခုခုကို လျစ်လျူရှုနေသရွေ့ ညီညွတ်မျှတတဲ့ မျှခြေတစ်ခုကို ဘယ်လိုမှမရနိုင်ပါ ဆိုတဲ့အချက်ကို သိထားရပါမယ်။

ညှိနှိုင်းမှုကနေ မတူညီတဲ့ကွာဟချက်တွေအကြား တဖြည်းဖြည်း ကျဉ်းမြောင်းလာမယ်၊ မတူညီရာကနေ တူညီချက်တွေရှိလာမယ်၊ ဝေးနေရာကနေ နီးလာပြီး အပြန်အလှန်အကျိုးရှိမှသာ ထိရောက်အောင်မြင်တဲ့ ညှိနှိုင်းမှုလို့ ခေါ်ဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စေ့စပ်ညှိနှိုင်းခြင်းကို အကြမ်းမဖက် ယဉ်ကျေးသိမ်မွေ့ပြီး ငြိမ်းချမ်းရေးလိုလားသူများရဲ့ အနုပညာဆန်တဲ့ အရည်အသွေးတစ်ခုအဖြစ် တင်စားကြခြင်းဖြစ်ပါတယ်။

**ကိုယ်ရည်ကိုယ်သွေးကို အခြေခံလို့**

အပေါ်မှာ တင်ပြခဲ့ပါတယ်။ **အောင်မြင်တဲ့ ညှိနှိုင်းမှုမှာထားရမယ့် အခြေခံ စိတ်ထားကောင်းများ...၊ လိုအပ်ချက်နဲ့ဖြည့်ဆည်းပေးရမယ့်အရာတွေက စိတ်ထားကောင်းတွေရှိဖို့နဲ့ ခံယူချက်ကောင်းတွေ ထားဖို့ပါပဲ။ ကိုယ်ချင်းစာစိတ်မရှိ၊ မေတ္တာမထား၊ ငါစွဲအတ္တစွဲ၊ မောက်မာမှုများပြီး ပညာဉာဏ်နည်းသူများနဲ့ ညှိနှိုင်းရပြီဆိုရင် အောင်မြင်ဖို့ အခွင့်အရေးက မရှိသလောက်ပါပဲ။ ကိုယ်ချင်းစာစိတ်မှာ သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်တတ်မှုတွေပါမယ်၊ စိတ်ရှည်သည်းခံမှုတွေ**

*စာမျက်နှာ ၇ သို့*

## ထားဝယ် သူနာပြုသင်တန်းကျောင်း မောင်မယ်သစ်လွင်ကြိုဆို



အပတ်စဉ်(၃၂) ပထမနှစ် သူနာပြုသင်တန်းသား သင်တန်းသူ မောင်မယ်သစ်လွင် ၇၈ ဦးတို့က မိတ်ဆက်ခဲ့ကြသည်။

**ထားဝယ် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူနာပြုသင်တန်းကျောင်း၏ အပတ်စဉ် (၃၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်၏လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေး စနစ်ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်များ၊ သူနာပြု-သားဖွားဆရာမများနှင့်ဆေးဘက်ဆိုင်ရာပညာရှင်များကို နှစ်စဉ်တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သူနာပြုမောင်မယ်သစ်လွင်များအား ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မောင်မယ်သစ်လွင် သင်တန်းသား သင်တန်းသူများ လိုက်နာရမည့် သူနာပြုကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြရန်၊ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်၊ အခြေခံသူနာပြုစုမှု အတတ်ပညာများဖြင့် ပြည်သူများအား ကျွမ်းကျင်စွာပြုစုပေးနိုင်သော၊ မှန်ကန်သော ခံယူချက်ရှိသည့် သူနာပြုကောင်းများဖြစ်ကြရန် လိုအပ်ကြောင်း၊ စစ်မှန်သောမျိုးချစ်စိတ်ကိုအခြေခံပြီး စည်းလုံးညီညွတ်စွာ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးမှူး၊ ထားဝယ်သူနာပြုသင်တန်းကျောင်း (စီမံဥက္ကဋ္ဌ) ဒေါက်တာမိုးဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်း ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံယူကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုင်းတုံမြို့နယ် နမ့်ချန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊တံတားများ ဖောက်လုပ်ပြီးစီး

**မိုင်းတုံ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် နမ့်ဟူးကျေးရွာအုပ်စု နမ့်ချန်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာကေမျာများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။



နမ့်ချန်ကျေးရွာ၌ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားနှစ်ပေ၊ သဲဖြုန်း ဒု ကိုးလက်မရှိ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ အလျား ၂၂ ပေ၊ အနံငါးပေ၊ အမြင့်ငါးပေရှိ မြောင်းကူးတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၁၅ ဒသမ ၆ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ခရမ်းမြို့နယ် အထက်ခမတ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

**ခရမ်း ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများအတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် အထက်ခမတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



အထက်ခမတ် ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည် ၆၂၅ ပေ၊ အကျယ်ရှစ်ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၂၂**

## ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

*စာမျက်နှာ ၆ မှ*

ပါလာမယ်၊ ငါလိုချင်သလို သူလည်းရချင်မှာပဲ သူ့ဘက်ကို ခံစားပေးမှု၊ ရဖို့အတွက်ရော ပေးဖို့အတွက်ပါ ဖြစ်နိုင်ရင် အများအတွက် ဖြစ်ပါက ရဖို့ထက် ပေးဖို့ဆိုတဲ့ မြင့်မြတ်တဲ့ အတ္တပရစိတ်ထား၊ ငါနဲ့သူ အကျိုးစီးပွားချင်းက အတူတူဆိုတဲ့ ရှုမြင်ပုံအပြင် ကိုယ့်အကျိုးထက် သူ့အကျိုးစီးပွားကို ပိုအလေးထားတဲ့ ထားသင့်တဲ့မေတ္တာ၊ ပိုအရေးကြီးတာက ကြားကမြေစာပင်ဖြစ်ရရှာတဲ့ ပြည်သူတွေ ဒေသခံတွေအတွက် ကိုယ်ချင်းစာတရား၊ ကရုဏာတရားနဲ့စဉ်းစားပေးနိုင်စွမ်း၊ ငါကစလို့ ဖြစ်ရတဲ့ ငါ့ကြောင့်ဆိုတဲ့ ဆင်ခြင်နိုင်စွမ်း၊ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားတွေရဲ့ ဆင်းရဲဒုက္ခတွေအပေါ် ငဲ့ညှာသနားမှု...။

ကိုယ့်ကိုယ်ကိုယ် ပြန်ဝေဖန်တယ်၊ ပြန်သုံးသပ်ရမယ်ဆိုတာ ဒါကိုဆိုလိုတာပါ။ ငါစွဲနဲ့ အတ္တများနေသရွေ့လည်း ပြည်ထောင်စုစိတ်ဓာတ်ဆိုတာကြီးနဲ့ ဝေးနေဦးမှာပဲ။ အားလုံးဟာ ငါ့နိုင်ငံ၊ ငါ့ပြည်ထောင်စု၊ ငါတို့တိုင်းရင်းသားတွေပဲဆိုတဲ့ တစ်သားတည်းဖြစ်တည်နေသောစိတ်ထားနိုင်မှသာ...။

ဒီလိုစိတ်ထားတွေဟာ ငြိမ်းချမ်းရေးညှိနှိုင်းစားပွဲမှာ ဖြစ်တည်ရမယ့် အခြေခံစိတ်ထားတွေပါပဲ။ ပြန်ချုပ်ရရင် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ နိုင်ငံတော်အရေးနဲ့ ငြိမ်းချမ်းရေးကို စိတ်ဓာတ်

> “ မြို့ရွာ၊ အိုးအိမ်၊ လျှပ်စစ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ စေတီပုထိုးမကျန် အဖျက်အဆီးကြားက၊ အပျက်အစီးများကြားက ငြိမ်းချမ်းရေးကိုဖိတ်ခေါ်တာလည်း အကြိမ်ကြိမ်... ဒါပေမယ့်လည်း စိတ်ရှည်ရှည်ထားတယ်၊ အားလုံးလက်ခံနိုင်တဲ့ ဘုံရည်မှန်းချက်ထားပြီး လုပ်ငန်းစဉ်တစ်လျှောက်မှာ သက်ဆိုင်သူအားလုံးပါဝင်လာတဲ့အထိ အားလုံးနဲ့ညှိယူနေရတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ပြည်ထောင်စုကြီးစည်းလုံးဖို့၊ ညီညွတ်ဖို့ကို ဦးတည်ပြီး ပေါင်းစပ်ညှိနှိုင်းနေရမှာပဲ၊ မိမိတို့ရဲ့ ညှိနှိုင်းမှုစွမ်းရည်ကို ပြသနေရမှာပဲဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ နိုင်ငံသားတွေကြား၊ ညီအစ်ကိုတိုင်းရင်းသားတွေကြားမှာ အချင်းချင်းယုံကြည်မှုရလာမယ်၊ နားလည်မှုရလာကြမှာ ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် တန်းတူညီမျှ ညီညွတ်မျှတမှုရရှိလာမယ်၊ ထိုမျှတမှုကနေ လိုချင်တဲ့ စည်းလုံးညီညွတ်မှုလည်းရလာမယ်လို့ ယုံကြည်ထားတယ် ”

အလွန်ကြံ့ခိုင်သူတွေသာလျှင် ဖော်ဆောင်နိုင်ကြပါတယ်။ သို့သော် ပညာဉာဏ်အမြော်အမြင်နဲ့ ဆင်ခြင်တုံတရားများဆိုတာမှာ တစ်ယောက်တည်း တစ်ဖက်တည်းမှာ ရှိနေရုံနဲ့လည်းမရပါဘူး။ သက်ဆိုင်ပါဝင်သူအားလုံးမှာ ရှိရမယ့် ကိုယ်ရည်ကိုယ်သွေးများ ဖြစ်နေလို့ပါပဲ။

ရိုးသားဖြောင့်မတ်မှုနှင့်အတူ အလွန်အကျွံလောဘကိုလျှော့၊ ငါစွဲနည်းနည်းနဲ့ အစွန်းလွတ်ကြမှသာ လူမျိုးရေး၊ ဘာသာရေး အတ္တအစွဲတွေကို လွတ်ချနိုင်မှာ ဖြစ်ပါတယ်။ ထိုအခါ အားလုံးတညီတညွတ်တည်း ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီးမှ ရလာတဲ့ ငြိမ်းချမ်းရေးအရသာဟာ လက်နက်ကိုင်ခြင်း အရသာထက် ပိုကောင်းတယ်ဆိုတာ သိရှိလာကြမှာဖြစ်ပြီး ထိုသို့သိလာတဲ့အချိန်... အပြန်အလှန်လေးစားယုံကြည်မှုနဲ့ နားလည်မှုတွေဟာလည်း ကျွဲကူးရေပါဆိုသလို လိုက်ပါလာမှာ သေချာပါတယ်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနဲ့ ထာဝရငြိမ်းချမ်းရေးဆိုတဲ့ အမျိုးသား ဘုံအကျိုးစီးပွားအပေါ်မှာ ကျွန်တော်တို့အားလုံး အတူတကွ ရပ်တည်ပြီး လက်တွဲပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေအသိပညာ ဗဟုသုတများ ရရှိပြီး နိုင်ငံသားတစ်ဦးတာဝန်၊ နိုင်ငံ့တာဝန်များကို တည့်မတ်မှန်ကန်စွာ ထမ်းဆောင်နိုင်ရန်၊ ဥပဒေ၏ သဘောသဘာဝများကို သိရှိနားလည်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သိရှိလိုက်နာကျင့်သုံးနိုင်ရန်နှင့် ဥပဒေအသိပညာဗဟုသုတများကို မိမိတို့၏ ဝန်ထမ်းအဖွဲ့အစည်းနှင့် မိမိတို့၏ မိသားစု၊ လူမှုပတ်ဝန်းကျင်အသိုက်အဝန်း အတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် နိုင်ငံသားတိုင်း သိရှိလိုက်နာ စောင့်ထိန်းကြရမည့် သတ်မှတ် ပြဋ္ဌာန်းချက်များဖြစ်ပါကြောင်း၊ ဥပဒေကိုမသိနားမလည်ဟု ဆိုရုံမျှဖြင့် ဥပဒေက ခွင့်လွှတ်မည် မဟုတ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြမှသာ လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းကင်းကင်းနှင့် အကျိုးရှိပြီး မှန်ကန်ထိရောက်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်မည်ဖြစ်ကြောင်း မှာကြားသည်။



အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက် နှစ်ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဥ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲများ နီးကပ်



လာပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူတော်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ တပည့်ကျောင်းသားကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် စေတနာအပြည့်ထား၍ သင်ကြားပေးကြစေရေးအတွက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အလိုက် မှတ်တမ်းတို Documentary ပြုစုရေး၊ အဝေးသင်ပညာရေးမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာရေးအဆင့်ကတည်းက အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေး၊ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားအောင် လေ့ကျင့်ပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အဆင့်မြင့်ပညာရေးကဏ္ဍဆိုင်ရာ၊ အခြေခံပညာရေးကဏ္ဍဆိုင်ရာနှင့် ဆရာအတတ်ပညာရေးဆိုင်ရာ ကဏ္ဍများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တဘူးလှဆည်မှ နွေစပါးစိုက်ခင်းဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

တဘူးလှဆည်၏ မြောင်းမကြီးနှစ်ခုမှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အတွင်းရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၁ ရက်မှ စတင်ပေးဝေခဲ့ပြီး ဧပြီလကုန်ပိုင်း အောင်ရေရရှိသည့်အထိ ပေးဝေသွားမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



"တိုက်ကြီးခရိုင်အတွင်းက တိုက်ကြီး၊ ဥက္ကံနဲ့ အဖျောက်မြို့တွေ နွေစပါးစိုက်ဧက ၂၉၅၇၀ ကို တဘူးလှဆည်ကနေ စိုက်ပျိုးရေပို့လွှတ်နေပါပြီ။ ကျွန်တော်တို့ဌာနရဲ့ အဓိကတာဝန်က ရေဘေးကာကွယ်ရေးနဲ့ စိုက်ပျိုးရေပေးဝေရေးဖြစ်ပါတယ်။ တစ်နှစ်ထက် တစ်နှစ် နွေစပါးစိုက်ပျိုးမှု တိုးလာတဲ့အပေါ် စိုက်ပျိုးရေပိုပြီး ပို့လွှတ်နိုင်တဲ့အတွက် တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မနှစ်ကထက် ဒီနှစ်မှာ နွေစပါးတိုးမြှင့်စိုက်ပျိုးနိုင်အောင် ဆည်ရေသောက်စနစ် ပြုပြင်ရေးလုပ်ငန်းတွေ တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်" ဟု တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

ယမန်နှစ်က တိုက်ကြီးခရိုင်အတွင်း နွေစပါး ၂၈၁၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၉၅၇၀ တိုးတက်စိုက်ပျိုးခဲ့ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ယမန်နှစ်က နွေစပါးဧက ၂၅၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ပထမပတ်အထိ နွေစပါး ၂၀၇၂၈၇ ဧက စိုက်ပျိုးထားပြီးဖြစ်ကာ စပါးစိုက်ပျိုးမှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်း ရှစ်ခုရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်တို့တွင် ရက် ၉၀၊ ဆင်းသုခ၊ ရတနာတိုးနှင့် ကောက်ညှင်းတို့ကို ဧကအများဆုံး စိုက်ပျိုးထားရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်၊ တမံဖြစ်သည့် တဘူးလှ၊ ပေါင်းလင်း၊ လဂွမ်းပြင်၊ မဟူရာ၊ ငမိုးရိပ်၊ ကလီထော်၊ တောင်လုံးမြောင်၊ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်းတို့မှ နှစ်စဉ် စိုက်ပျိုးရေနှင့် မြို့ပြသောက်သုံးရေ အထောက်အပံ့အဖြစ် ပေးဝေလျက်ရှိပြီး တဘူးလှဆည်သည် စိုက်ပျိုးရေအများဆုံး ပေးဝေလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ကြံသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကွင်းသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကြံသီးနှံမျိုးသန့်ခြံ (ကမ်းပါးနီ)တွင် ကြံသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ခဲ့ရာ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကြံသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားကာ ကွင်းသရုပ်ပြပွဲအား လက်တွေ့စိုက်ပျိုးဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ကြံတောင်သူများက ကြံသီးနှံကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရေး၊ ဝယ်ယူ၊သယ်ယူရေးကိစ္စများအား ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယတိုင်းဦးစီးမှူးက ညှိနှိုင်းပေါင်းစပ်ပေးသည်။ အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ကြံစိုက်တောင်သူနှင့် စိုက်ပျိုး ရေးဝန်ထမ်း စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြသည်။

**လေးလေးသန်း(သတင်းစဉ်)**

# ရွှေစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်ရေး ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေး ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥက္ကဋ္ဌ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တာဝန်ရှိသူများ၊ ရွှေစည်းခုံ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်မည့် ရွှေစည်းခုံစေတီတော် Master Plan ရေးဆွဲရေးဦးဆောင်ကော်မတီ၊ Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းပြီး အစည်းအဝေးများ ကျင်းပကာ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထို့ပြင် အစည်းအဝေးများမှ ရရှိလာသော ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် Master Plan မူကြမ်း စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး တက်ရောက်လာကြသူများက ရွှေစည်းခုံစေတီတော်ကြီး၏ Master Plan မူကြမ်းစီစဉ်ထားရှိမှုအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း၊ Master Plan ရေးဆွဲပြီးစီးပါက နိုင်ငံတော်အကြီးအကဲထံ အတည်ပြုချက်ရယူပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ရေရှည်စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်မရှိစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ထည့်သွင်းရေးဆွဲသင့်သည်များ၊ သတ်မှတ်ကာလအတွင်း Master Plan(မူကြမ်း) ပြီးစီးရန် ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး Master Plan အား အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်စေရေး၊ သတ်မှတ်ထားသည့်အချိန်တွင် ပြီးစီးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တွံတေးမွေးမြူရေးဇုန်၌ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန်တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ဝင်များအား စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး အတွက် အလှူငွေ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ကန်ကြီးကုန်းကျေးရွာရှိ ကန်ကြီးကုန်းရေလှောင်ကန်အား ပြန်လည်ပြုပြင်၍ ရေဂါလန် ၁၅၇ သန်းခန့် သိုလှောင်ထားရှိပြီး ဆိုလာစနစ်ဖြင့် မွေးမြူရေးဇုန်သို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦး၏ ကြက်၊ ဝက်၊ ဘဲ၊ ငါးများအတွက် အစာစက်ရုံ တည်ဆောက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးဇုန်အတွင်း မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေမှုများ အတွက် လျှပ်စစ်မီးနှင့်ဆိုလာစနစ် ဖြင့် ရေလုံလောက်စွာရရှိရေး လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေးဇုန်အတွင်း လျှပ်စစ်မီးရရှိရေး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ 11 KV – Switch Board ဓာတ်အားပေးရုံတည်ဆောက်ထားရှိမှု၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကန်ကြီးကုန်း ရေလှောင်ကန်မှ ရေအား မွေးမြူရေးဇုန်များသို့ ရေပေးဝေရန်နှင့် ဆိုလာပန့်ဖြင့် ရေအမြင့်တင်ပေးခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ကံဘဲကျေးရွာအုပ်စုအတွင်း နွေစပါးဧက ၄၀၀၀ စိုက်ပျိုးရေ ရရှိရေးအတွက် ကဘင်းရေထိန်း တံခါးအမှတ်(၂) တည်ဆောက်ခြင်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**စစ်တွေ ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသအခြေအနေအရ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်နေသည့်အပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရပ်စွန့်ခွာပြည်သူများကိုလည်း ပေးအပ်ကူညီလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် စစ်တွေမြို့ပေါ်ရှိ သာသနိကအဆောက်အအုံများကိုလည်း ရေးမူမပျက်ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေများကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသဖြင့် စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများတွင် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်စေရန် 5 KVA မီးစက် ၂၂ လုံးကို ဌာန၊ အဖွဲ့အစည်း ၂၀ ခုကို ဖြန့်ဖြူးဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးရရှိစေရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဝန်ကြီးများအိမ်ရာဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ၊ အခြေခံပညာကျောင်းများ၊ စစ်တွေဆေးရုံကြီးနှင့် လမ်းမီးတိုင် ၈၀၀ စသည်တို့တွင် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း စသည်တို့နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဝန်ထမ်းများအား ဆန်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်နေမှု၊ အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှု၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသောဒေသများမှ ဝန်ထမ်းများတာဝန်ထမ်းဆောင်နိုင်မှုတို့နှင့် စပ်လျဉ်း၍ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်မေးမြန်းဆွေးနွေးပေးပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် 50 W ဆိုလာအစုံ ၁၀၀ နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် အခြေခံစားကုန်များကို ဌာနဆိုင်ရာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဆိုလာစနစ်အသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိ

ရဲလေး(ဆည်/ရေ ၊ ရေအရင်းအမြစ်)

မြန်မာနိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝပြီး နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းကို ကျယ်ပြန့်သော မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများဖြင့် လွှမ်းမိုးထားသည့်အပြင် နိုင်ငံ၏ ပြည်သူအများစုသည်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်၍ အသက်မွေးဝမ်းကျောင်းပြုနေသူများ ဖြစ်ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်များတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ”** ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ ဦးတည်ချက်နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် **“ရေ”** လုံလောက်စွာရရှိရေးမှာ အဓိကကျသဖြင့် ရေရရှိရေးအတွက် ဆိုလာစနစ်ကိုအဓိကထား၍ နည်းလမ်းမျိုးစုံဖြင့် ကြံဆစီမံဆောင်ရွက်ပြီး သီးနှံများကို သီးထပ်စိုက်ပျိုးရေး၊ အထွက်နှုန်းကို သတ်မှတ်ပန်းတိုင် ရည်မှန်းချက်ပြည့်မီရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။



ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပုဏ္ဏမာ ဆိုလာတွဲဖက်စိုက်ပျိုးရေတွင်း(အကျိုးပြုဧက-၃၀)။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အတွက် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေတံခါး ၁၉၉ ခု နှင့် မြစ်ရေတင်လုပ်ငန်း ၂၂၇ ခုတို့မှ စိုက်ပျိုးရေ၊ သောက်သုံးရေပေးဝေခြင်း ဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ပြီး လျှပ်စစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ်တိုးချဲ့ ပြောင်းလဲတပ်ဆင်ခြင်းနှင့် ဆိုလာစနစ်ရေတင်စီမံကိန်းအသစ်များ တိုးချဲ့ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးမြေ ၆၀၈၀၆ ဧကအတွက် ရေတင်လုပ်ငန်း ၄၇ ခုတွင် ဆိုလာကီလိုဝပ် ၉၀၉၂ ဒသမ ၄၇၊ စိုက်ပျိုးမြေ ၂၈၉၈ ဧကအတွက် စက်ရေတွင်း ၂၂၄ တွင် ဆိုလာကီလိုဝပ် ၁၂၉၇ ဒသမ ၆၁ စုစုပေါင်းလုပ်ငန်း ၂၇၁ ခုတွင် ဆိုလာကီလိုဝပ် ၁၀၃၉၀ ဒသမ ၀၈ တပ်ဆင်၍ စိုက်ပျိုးမြေ ၆၃၇၀၄ ဧကအား စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။ ထို့ပြင် ရေတင်လုပ်ငန်းများမှ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ပြီး လျှပ်စစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ် ပူးတွဲတပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လောကနန္ဒာဆိုလာအနိမ့်ရေတင်လုပ်ငန်း(အကျိုးပြုဧက-၂၀)။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျပြီး မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်မှ နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကိုသာ အဓိကအားကိုးမနေဘဲ တောင်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံတော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှသာ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် လျင်မြန်သော အကျိုးပြုမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်မှလည်း တောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ် စိုက်ပျိုးရေ စက်ရေတွင်းများ တူးဖော်ခြင်း၊ လက်ရှိအသုံးပြုနေသော စိုက်ပျိုးရေစက်ရေတွင်းများတွင် ဆိုလာစနစ်တပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှရေကို ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ လွန်စွာသက်သာသော အတိုးနှုန်းထား (တစ်နှစ်လျှင် ၂ ရာခိုင်နှုန်း)ဖြင့် ချေးငွေကာလ တစ်နှစ်ခြောက်လသတ်မှတ်ပြီး ထုတ်ချေးပေးလျက်ရှိပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၆၀၄ ဒသမ ၂၀ ဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၊ တောင်သူ ၁၃၂ ဦး၊ လုပ်ငန်း ၁၆၅ ခုမှ စိုက်ပျိုးမြေ ၁၃၉၂ ဒသမ ၃၃ ဧကအတွက် စိုက်ပျိုးရေရရှိရေး ပထမအကြိမ်အနေဖြင့် ထုတ်ချေးပေးပြီးဖြစ်ပါသည်။ ဒုတိယအကြိမ်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၊ တောင်သူ ၇၉ ဦး၊ လုပ်ငန်း ၇၉ ခုမှ စိုက်ပျိုးမြေ ၅၂၂ ဒသမ ၇၁ ဧက စိုက်ပျိုးရေရရှိရေးအတွက် ရန်ပုံငွေကျပ် သန်း ၃၉၀ ဒသမ ၆၀ ၊ တတိယအကြိမ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ၁၅၂ ဦး၊ လုပ်ငန်း ၁၅၂ ခုမှ စိုက်ပျိုးမြေ ၉၁၂ ဧက စိုက်ပျိုးရေရရှိရေးအတွက် ရန်ပုံငွေကျပ် သန်း ၁၀၀၀ ထပ်မံ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ ဝမ်းပြည့်လျှပ်စစ်ရေတင်လုပ်ငန်းတွင် ၁၆၅ ကီလိုဝပ် ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းနှင့် ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ စိုက်ပျိုးမြေ ဧက ၄၅၀ ပြည့် စိုက်ပျိုးရေပေးဝေနိုင်ရေးဆောင်ရွက်ခြင်းနှင့် အလျင်အမြန်အကျိုးရလဒ်(Quick Win)ရရှိနိုင်မည့် ရေတင်စီမံကိန်း ၅၉ ခုအနက်မှ တစ်နှစ်ခန့်အတွင်း ပြီးစီးနိုင်မည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ကျွန်းဦး ဆိုလာစနစ်ရေတင်စီမံကိန်း (အကျိုးပြုဧက-၅၀၀)၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဆိပ်သာ ဆိုလာစနစ်ရေတင်စီမံကိန်း (အကျိုးပြုဧက- ၂၀၀)၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ သာယာကုန်း ဆိုလာစနစ်ရေတင်စီမံကိန်း (အကျိုးပြု ဧက-၄၅၀) များအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် GRF ရန်ပုံငွေဖြင့် လုပ်ငန်းများ ချက်ချင်းစတင်ပြီး စိုက်ပျိုးရေရရှိရေးအတွက် အလျင်အမြန် အကျိုးပြုစေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေးအတွက် အဓိကထား၍ ဖြန့်ဝေပေးနေသည့်အချိန်တွင် စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်သုံး ရေတင်လုပ်ငန်းများအား အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူအားလုံး ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှသာ ဒေသနေပြည်သူများ၏ လူမှုစီးပွားတိုးတက်လာခြင်းနှင့်အတူ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးစီးပွားကဏ္ဍတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

- ❑ **၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးမြေ ၆၀၈၀၆ ဧကအတွက် ရေတင်လုပ်ငန်း ၄၇ ခုတွင် ဆိုလာကီလိုဝပ် ၉၀၉၂ ဒသမ ၄၇၊ စိုက်ပျိုးမြေ ၂၈၉၈ ဧကအတွက် စက်ရေတွင်း ၂၂၄ တွင် ဆိုလာကီလိုဝပ် ၁၂၉၇ ဒသမ ၆၁ စုစုပေါင်းလုပ်ငန်း ၂၇၁ ခုတွင် ဆိုလာကီလိုဝပ် ၁၀၃၉၀ ဒသမ ၀၈ တပ်ဆင်၍ စိုက်ပျိုးမြေ ၆၃၇၀၄ ဧကအား စိုက်ပျိုးရေပေးဝေလျက်ရှိ**
- ❑ **တတိယအကြိမ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ၁၅၂ ဦး၊ လုပ်ငန်း ၁၅၂ ခုမှ စိုက်ပျိုးမြေ ၉၁၂ ဧက စိုက်ပျိုးရေရရှိရေးအတွက် ရန်ပုံငွေကျပ်သန်း ၁၀၀၀ ထပ်မံ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**



ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ တောင်သူတစ်ဦးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေတင်စက်နှင့် ဆိုလာတပ်ဆင်ခြင်း။

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)နှင့် သတ္တသတ္တာဟတရားစခန်းဓမ္မာရုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်းရှိ နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)နှင့် သတ္တသတ္တာဟတရားစခန်းဓမ္မာရုံ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မာရုံရှိ ဘုရားခန်းကို သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်အောင် ဆေးသုတ်ခြင်း၊ ရေလိုင်းနှင့် မီးလိုင်းများကို စနစ်တကျပြန်လည်မွမ်းမံခြင်းနှင့် မြက်ခင်းများနှင့် သစ်ပင်ပန်းပင်များဖြင့် အမြဲစိမ်းလန်းသာယာနေစေရေး လုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌသည် သတ္တသတ္တာဟတရားစခန်းရှိ မိဂဒါဝုန်ဘေးမဲ့တောဥယျာဉ်အတွင်း မွေးမြူထားသည့် တိရစ္ဆာန်များအား အစာကျွေးမွေးပြီး ဥယျာဉ်အတွင်း အရိပ်ရပင်များ တိုးချဲ့စိုက်ပျိုးရေးနှင့် တိရစ္ဆာန်သောက်သုံးရေများ စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်နေပြည်တော်သံဝေဇနီယလေးဌာနကို လှည့်လည်ဖူးမြော်ကြည့်ရှုပြီး ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဘုရားဖူးညှော်သည်များဖြင့် အမြဲစည်ကားစေရန်အတွက် သံဝေဇနီယလေးဌာနရှိ စေတီပုထိုးများနှင့် စေတီတော်ပတ်ဝန်းကျင်အား အမြဲသန့်ရှင်းသပ်ရပ်နေစေရေး၊ ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ဆီမီး ကပ်လှူပူဇော်ခြင်းများကို နေ့စဉ်ဆောင်ရွက်ရေး၊ ဘုရားပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်စေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





**နေပြည်တော် ဖေဖော်ဝါရီ ၃**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၀၊ မျက်စိရောဂါ ၁၃၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၅၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာ ၁၃ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ ကျွန်မတို့အနေနဲ့ အခုလို တပ်မတော် ဆေးသဘော်ကြီးက လာရောက်ပြီးတော့ ဆေးကုသပေးတဲ့အတွက် အလွန်ကို အဆင်ပြေပါတယ်။ ငွေကုန်ကြေးကျ အနေနဲ့လည်း သွားရေးလာရေး စရိတ်လောက်ပဲ ကုန်ကျတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ ဟိုင်းကြီးကျွန်းဒေသအတွက်ကို အခုလိုတပ်မတော် ဆေးသဘော်က ဆရာဝန်၊ ဆရာမတွေအနေနဲ့ နောက်နှစ်တွေမှာလည်း ပြည်သူလူထုအတွက်ကို ဆေးကုသမှုတွေ လာရောက်ကုသပေးနိုင်ဖို့ ဖိတ်လည်းဖိတ်ခေါ်တယ်။ ကျေးဇူးလည်း တင်ပါတယ်။

၂။ အခုလို တပ်မတော် ဆေးသဘော်ကြီး လာရောက်ပြီး ဆေးကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ အကုန်အကျလည်း သက်သာပါတယ်။ ကျွန်တော်တို့ နဂိုတုန်းက ရောဂါဖြစ်တယ်ဆိုရင် တိုက်နယ်ဆေးရုံ လာရတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ရင် ပုသိမ်၊ ရန်ကုန်အထိ သွားရပါတယ်။ ကုန်ကျစရိတ်တွေလည်း များပါတယ်။ ရောဂါပေါင်းစုံကို သူ့နေရာနဲ့သူ နေရာတကျ စီစဉ်ဆောင်ရွက်ကုသပေးတဲ့အထိ တပ်မတော်သားတွေက လုပ်ကိုင်ပေးနေပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဆေးရုံသဘော်ကြီးရော တပ်မတော်သားတွေကိုပါ အများကြီးကျေးဇူးတင်ပါတယ်။ နောက်နှစ် နောက်နှစ်တွေမှာလည်း အမြဲတမ်းလာရောက်ပြီး ကုသနိုင်ပါစေလို့ ဆုတောင်းပါတယ်။







**သတင်းစဉ်**





# ကျွန်တော်တို့ဒေသထွက် ရှီးပတီး ကုန်ကြမ်းနဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ အမွှေးနံ့သာဆီ၊ ဝိုင်၊ အသားခြောက်လုပ်ငန်းနဲ့ ကျွန်တော်တို့ပြည်နယ်ကထွက်တဲ့ ကျောက်စိမ်းတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်

ဦးကျော်မင်းခိုင်(ကချင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး)

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင်လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဒေါ်ရီရီသန်း (စီးပွားရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး)**

ကျွန်မတို့ တိုင်းဒေသကြီးပြခန်းမှာ အသေးစား၊ အငယ်စား၊ အလတ်စားနဲ့ OROP ထုတ်ကုန်တွေကို ပြသရောင်းချသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက်ကတော့ အမျိုးအစားတစ်မျိုးကို လုပ်ငန်းရှင် သုံးဦးစီနဲ့လုပ်ငန်းရှင်ပေါင်း ၁၂ ဦးက ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်တွေအနေနဲ့ ဘရိတ်ရှူးနဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေ၊ ကြိမ်ထည်တွေ၊ အင်ကြင်းကျောက်ရတနာလုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ ပလတ်စတစ်မျိုးစုံ၊ စပါးခွံချွတ်စက်၊ ဆန်စက်အပိုပစ္စည်းတွေ၊ မွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံး၊ ကလေးဒေသရိုးရာအထည်တွေ၊ ချင်းရိုးရာအထည်နဲ့ အဝတ်အထည် အသုံးအဆောင်ပစ္စည်းတွေ၊ ချည်ထည်အမျိုးမျိုး၊ ဆပ်ပြာကုန်ကြမ်းတွေ ပါဝင်ပါတယ်။



ဒေါ်ရီရီသန်း

စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်အနေနဲ့ ခေါက်ဆွဲခြောက်၊ သဘာဝရေတ်သီး အကြမ်းမှုန့်၊ အနုမှုန့်၊ ငရုတ်အလှော်မှုန့်၊ နနွင်းမှုန့်၊ နှံ့၊ မလိုင်၊ မရမ်းသီးအနှစ်၊ ဒန့်သလွန်သီးအခြေခံဆပ်ပြာ၊ ပေါင်းဆေး၊ ဆပ်ပြာခရင်၊ သစ်သီးယိုစုံ၊ ပဲစိမ်းမှုန့်၊ ပဲကျက်မှုန့်၊ ပဲကြာဆံ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ မုံရွာစက်မှုဇုန်ထုတ်ထွက်ကုန်တွေ၊ ဝိုင်နဲ့ ဆိတ်သားခြောက်လုပ်ငန်းတွေပါဝင်မှာဖြစ်ပါတယ်။ ဒေသရိုးရာအစားအစာ အရောင်းပြခန်းမှာ ခိုတောင်မုန့်တီ၊ ထမင်းသုပ်၊ ရေဦးဝက်အူချောင်း၊ လက်ဖက်အကြော်စုံ၊ ဆိတ်သားခြောက်၊ တို့ဟူးခြောက်ကြော်၊ ကသာငါးကြီးချဉ်၊ ရွှေဘိုပေါင်းတင်း၊ ရွှေဘိုဝင်းဝင်းကိတ်၊ ရှားစောင်းလက်ပပ်ယိုစသဖြင့် ဒေသထွက်အစားအစာတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးထိန်စိုး(ဒုတိယညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ပြခန်းတာဝန်ခံ)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ မွန်ပြည်နယ်အနေနဲ့ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်းတွေကို လုပ်ငန်းရှစ်ခုက ထုတ်ကုန် ၅၃ မျိုး၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ ကဏ္ဍလေးခုက ထုတ်ကုန် ၂၅ မျိုး၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းသုံးခုက ထုတ်ကုန် ၁၂ မျိုး၊ ပြည်ပပို့ကုန်ကဏ္ဍမှာ လုပ်ငန်းသုံးခုက ထုတ်ကုန်ရှစ်မျိုး၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု OROP ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းခုနစ်ခုက ထုတ်ကုန် ၈၅ မျိုး စုစုပေါင်းကဏ္ဍငါးခုက ထုတ်ကုန်အရေအတွက် ၁၈၃ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်။



ဦးထိန်စိုး

ကျွန်တော်တို့ပြခန်းမှာ ပြည်ပပို့ကုန်တွေကို အဓိကထားပြီး ပြသသွားမှာဖြစ်ပြီး ကွမ်းသီး၊ ဝဥ၊ ဝဥမှုန့်၊ လုပ်ငန်းသုံးဆား၊ ငါး၊ ပုစွန်တွေကို လာရောက်ပြသမှာ ဖြစ်ပါတယ်။ ရွာလွတ်ကျေးရွာက လက်မှုပစ္စည်းတွေ၊ မုဒွန်းကျေးရွာက ကျောက်သင်ပုန်း၊ ဆေးတံတွေ၊ ရော်ဘာနဲ့ပတ်သက်တဲ့ ပစ္စည်းတွေဖြစ်တဲ့ ကားတာယာတွေကိုလည်းပြသရောင်းချသွားမှာဖြစ်ပါတယ်။

ဒေသထွက်ရိုးရာ အစားအစာတွေအနေနဲ့ ကျွန်တော်တို့မြန်မာတွေအားလုံးသိရှိပြီးဖြစ်တဲ့ သကြၤန်ထမင်းနဲ့ လက်ညှစ်ရေစိမ်မုန့်တီတွေကို အဓိကထားပြီး ရောင်းချသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွဲကောသီးအပါအဝင် ဒေသထွက်အသီးအနှံတွေကိုလည်း ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။

**ဦးကြေးမုံထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကျွန်တော်တို့ ပြည်နယ်ပြခန်းမှာ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန် ၂၇ မျိုး၊ သွင်းကုန်အစားထိုး ထုတ်ကုန် ၃၃ မျိုး၊ OROP ထုတ်ကုန်သုံးမျိုး စုစုပေါင်း ၆၆ မျိုး စုစည်းပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်ကုန်လုပ်ငန်းအနေနဲ့ အသေးစားလုပ်ငန်းတစ်ခု၊ အငယ်စားလုပ်ငန်းနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်က OROP ထုတ်ကုန်အနေနဲ့ သံတောင်ကြီး ကော်ဖီ၊ ရော်ဘာနဲ့ ဆန်စပါး ဒီသုံးမျိုး ပါဝင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားပါတယ်။ ရိုးရာအစားအသောက် ဆိုင်ခန်းမှာဆိုရင် ကရင်မုန့်တီ၊ တာလပေါ့ဟင်းလျာတွေ၊ မုန့်ခွက်ပြင်၊ ကောက်ညှင်းကျည်တောက်၊ ငှက်ပျောခြောက် စတဲ့ ဒေသထွက် အစားအစာတွေကို အဓိကရောင်းချသွားမှာဖြစ်ပါတယ်။ ဒီလိုပြပွဲကနေတစ်ဆင့် ကျွန်တော်တို့ ဒေသက MSME လုပ်ငန်းရှင်တွေနဲ့ တခြားဒေသက MSME လုပ်ငန်းရှင်တွေ အချင်းချင်း အချိတ်အဆက်ရအောင်၊ ဒေသရဲ့ ထုတ်ကုန်အရင်းအမြစ်တွေကို ဖလှယ်လို့ရအောင်၊ အားသာချက်တွေ ရရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။



ဦးကြေးမုံထွန်း

**ဦးကျော်မင်းခိုင်(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)**

ကချင်ပြည်နယ်ပြခန်းမှာ ကချင်ပြည်နယ်ကထွက်တဲ့ ကုန်ကြမ်းထုတ်ကုန် ၈၇ မျိုး၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန် ၄၁ မျိုးနဲ့ OROP ထုတ်ကုန် ၁၈ မျိုးကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ OROP အနေနဲ့ ကချင်ပြည်နယ်ရဲ့ အထင်ကရဖြစ်တဲ့ ကချင်ရိုးရာအထည်တွေ၊ ဂရိတ်ဖရုအသီး၊ သစ်ကြားသီးတွေ၊ မက်လင်ချဉ်ခြောက်နဲ့ ပြည်ပတင်ပို့နေတဲ့ တစ်ရှူးငှက်ပျောတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။



ဦးကျော်မင်းခိုင်

ကျွန်တော်တို့ ဒေသထွက် ရှီးပတီး ကုန်ကြမ်းနဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ အမွှေးနံ့သာဆီ၊ ဝိုင်၊ အသားခြောက်လုပ်ငန်းနဲ့ ကျွန်တော်တို့ပြည်နယ်ကထွက်တဲ့ ကျောက်စိမ်းတွေကို ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသက လာရတာ အလှမ်းဝေးပါတယ်။ ကုန်ကျစရိတ်ကလည်း အတော်များတော့ ပြည်နယ်အစိုးရက ကျခံပေးပါတယ်။ လုပ်ငန်းရှင်တွေ ဒီလို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေမှာ ပါဝင်ပြသနိုင်အောင် ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကြိုးစားပါတယ်။ အကျိုးအမြတ်တွေကိုလည်း ရှင်းပြတော့ လုပ်ငန်းရှင်တွေလည်း စိတ်ဝင်စားလာကြတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေက ဒေသအတွင်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ကို များစွာ အထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ဒီလို ပြပွဲပြိုင်ပွဲတွေကနေ တစ်ဒေသနဲ့တစ်ဒေသ မတူကွဲပြားတဲ့ အကျင့်စရိုက်တွေ၊ အစားအသောက်တွေ၊ ဓလေ့တွေ အားလုံးကို နားလည်သွားလိမ့်မယ်။ တိုင်းရင်းသားတွေအချင်းချင်း ပြည်ထောင်စုဖွားတွေပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ပိုမိုနီးစပ်လာမယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်စဉ်ကျင်းပပေးသင့်တယ်လို့ ထင်ပါတယ်။

■ **တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**

**ဓာတ်ပုံ - ဖိုးပြည့်စုံ**






# ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး ရွှေသင်္ကန်း စတင်ကပ်လှူ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး ရွှေသင်္ကန်း စတင်ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သမိုင်းဝင် ခေမရဋ္ဌဗျာဒိတ်တော်ပေးရုပ်တော်မူဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက်ဆရာတော်ထံမှ တရားတော်များကို နာယူကြည်ညိုကြပြီး ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီးအား တက်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းများ စတင်ကပ်လှူပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်မြို့ မဟာခေမိကာရာမရွှေကျောင်စာသင်တိုက်၌ အဋ္ဌမအကြိမ်မြောက် ပရိယတ္တိတံခွန်စာမေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘုရားကြီးတို့ အမှူးပြုသော မဟာနာယက ဆရာတော်ကြီးများနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးတို့၏ ကြီးကြပ်မှုဖြင့် ၁၃၈၆ ခုနှစ် အဋ္ဌမအကြိမ်မြောက် ပရိယတ္တိတံခွန်ဖြေဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ မဟာခေမိကာရာမ ရွှေကျောင်တိုက်အတွင်း၌ ကျင်းပသည်။



အဆိုပါ အဋ္ဌမအကြိမ်မြောက် ပရိယတ္တိ တံခွန်ဖြေဆိုပွဲတွင် သန်လျင်မြို့နယ်မှ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်၊ မဟာမဇ္ဈိမာရုံစာသင်တိုက်၊ ဇေယျမင်္ဂလာ ကျောင်းတိုက်၊ လင်းရောင်ခြည် ကျောင်းတိုက်၊ ရွှေဘိုကျောင်းတိုက်၊ ပုဗ္ဗာသီရိ မိုင်းယောင်းကျောင်းတိုက်၊ အောင်သုခဒီပါအေး ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာကန်ဦးပရိယတ္တိ စာသင်တိုက်၊ သိမ်ကျောင်း ပရိယတ္တိ စာသင်တိုက်၊ သိဒ္ဓိအောင်စေကျောင်းတိုက်၊ ဓမ္မရတနာစာသင်တိုက်၊ ဓမ္မရံသီရွှေတောင်ဦး သီလရှင်ကျောင်းတိုက်၊ ကမ္ဘောဇဓမ္မဂုဏ်ရည် သီလရှင်စာသင်တိုက်၊ သမိဒ္ဓေါဒယတေဇာသစ်နမ့်ဆန်သီလရှင်ကျောင်း၊ သုစိတ္တာရုံ သီလရှင်စာသင်တိုက်၊ ကျောက်တန်းမြို့နယ်မှ ပါဒကြီးပရိယတ္တိ စာသင်တိုက်၊ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ၉၆၉ -နှစ်ဖက်လှ သီလရှင်စာသင်တိုက်၊ အောင်ရတနာမဉ္ဇူ သီလရှင်စာသင်တိုက်၊ ဇေယျာသိဒ္ဓိသီလရှင်ကျောင်းတိုက်၊ သုံးခွမြို့နယ်မှ ဇေယျသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ အောင်မြေလောကစာသင်တိုက်၊ ဘုရားကြီးမဏ္ဍိုင်ကျောင်းတိုက်၊ ခရမ်းမြို့နယ်မှ သဒ္ဓမ္မသိင်္ဂီသီလရှင်စာသင်တိုက်၊ သာကေတမြို့နယ်မှ ဝဏ္ဏိတာရာမ ရတနာကန်လေး ကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ် ရွှေကျောင်ကျောင်းတိုက်တို့မှ ရဟန်း၊ သာမဏေ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၃၃၂ ပါးတို့က ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်းနှင့် အခြေပြုမူကြိုတန်းတို့ကို ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# သာစည်မြို့နယ်၌ မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာသုံးရွာတို့၌ ယနေ့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးမြတ်သူရထံမှ သိရသည်။

ထိုသို့ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက သာစည်မြို့အမှတ်(၁) ချမ်းသာကြီးရပ်၊ အမှတ်(၄)ရပ်ကွက်၊ ယင်းမာပင်ကျေးရွာအုပ်စု မြို့မရပ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စု ဘုရားငါးဆူ(တ)နှင့် လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာတို့၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် မှန်ကန်မှုရှိစေရေးအတွက် အိမ်ထောင်စုဇယားကိုအခြေခံပြီး ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကလောမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ရေးလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ကလော ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလော မြို့ မြို့နယ်ခန်းမ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ဒေသ/ပြည်သူအခြေပြုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။



ဆွေးနွေးပွဲတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ကလောမြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး အမှာစကား ပြောကြားပြီး ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလောမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်အခြေအနေများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြသသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်ကြာဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငပုတောမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ငပုတော ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်းရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်က မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်ကြီး (၄) ရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မီးသတ်ဆေးဘူး၏ အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားပြီး မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးသည်။ ထို့နောက် ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေး မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၅၉ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ထားကြောင်းပါရှိသည်။ အဆိုပါစာရင်းအရ ဂျပန်ကုမ္ပဏီ ၄၅၀ ကျော်က မြန်မာလုပ်သားအမျိုးသား ၃၁၀၀ကျော်၊ အမျိုးသမီး ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၏ ပြီးခဲ့သည့် ဇန်နဝါရီ ၁၅ ရက် ထုတ်ပြန်ချက်တွင်လည်း ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်မှ မြန်မာလုပ်သားအမျိုးသား ၂၀၀ ကျော်နှင့် အမျိုးသမီး ၇၃၀ ကျော် စုစုပေါင်း ၉၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**မေသက်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**

# ဩစတြေးလျနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွား

ဆစ်ဒနီ ဖေဖော်ဝါရီ ၃

**ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ထောင်နှင့်ချီသည့်ပြည်သူများ မိမိတို့နေအိမ်မှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။**



နိုင်ငံ၏အရှေ့မြောက်ပိုင်း ကွင်းစလန်းပြည်နယ်မှ အာဏာပိုင်များက ဖေဖော်ဝါရီ ၃ ရက်တွင် ဒေသခံများကို သတိပေးထားသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရက်အတော်ကြာ ရေကြီးမှုများ ထပ်မံဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ပြည်နယ်၏ မြောက်ဘက်အပူပိုင်းဒေသတွင် နေထိုင်သူများကို သတိပေးထားသည်။

ပြည်နယ်၏မြို့တော် ဘရစ္စဘိန်း၏ မြောက်ဘက် ၁၀၀၀ ကီလိုမီတာကျော်အကွာ တောင်းစ်ဗယ်လီမြို့နှင့် အနီးနားရှိမြို့များမှ ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်လည်း သတိပေးထားသည်။

အဆိုပါဒေသတွင် လွန်ခဲ့သည့် သုံးရက်ကျော်အတွင်း မိုးရေချိန် ၁ မီတာကျော်ရှိပြီး ဖေဖော်ဝါရီ ၃ ရက်အထိ မိုးရေချိန် ၃၀၀ မီလီမီတာအထိရှိရန် ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ဖေဖော်ဝါရီ ၂ ရက်တွင် အကူအညီတောင်းခံမှုအကြိမ်ရေ ၄၀၀ နီးပါး လက်ခံရရှိပြီး ၎င်းတို့အနက် လေးပုံတစ်ပုံမှာ မြေနှင့် အဆောက်အအုံတို့တွင် ရေဝင်ရောက်မှုများနှင့် ဆက်စပ်နေကြောင်း နိုင်ငံတော်အရေးပေါ်ဝန်ဆောင်မှု (အက်စ်အီးအက်စ်)က ထုတ်ပြန်ထားသည်။

ဖက်ဒရယ်အစိုးရသည် ရေကြီးမှုများကို စောင့်ကြည့်ပြီး ကူညီရန်အတွက် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ရဟတ်ယာဉ်များကို တပ်ဖြန့်ထားကြောင်း သိရသည်။ **ဆင်ဟွာ**



## ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၆၃ ဘီလီယံရရှိ

**ဖနောင်ပင် ဖေဖော်ဝါရီ ၃**

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းက ၂၀၂၄ ခုနှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၁၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောသည်။

ပြီးခဲ့သည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၆ ဒသမ ၇ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၂၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာသည့် နိုင်ငံတကာခရီးသွားများအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်တို့က အများဆုံးဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍမှာ နိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုကို ၉ ဒသမ ၄ ရာခိုင်နှုန်းခန့် ပံ့ပိုးပေးနိုင်သည်ဟု အစီရင်ခံဖော်ပြထားသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးထားနိုင်သည့် မဏ္ဍိုင်လေးခုအနက်မှ တစ်ခုဖြစ်သည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့် ဆီးနှင်းများ ဖုံးလွှမ်း

**အူလန်ဘာတာ ဖေဖော်ဝါရီ ၃**

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့်မှာ ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း အမျိုးသားမိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေး အေဂျင်စီက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောသည်။

ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံနယ်မြေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ၆၀ စင်တီမီတာထူသော ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည်ဟု အဆိုပါ အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ဆောင်းရာသီတွင် မွန်ဂိုလီးယားနိုင်ငံသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း စံချိန်တင် ဆီးနှင်းထူထပ်စွာ ကျဆင်းမှုနှင့် အတူ ဆယ်စုနှစ်များအတွင်း အအေးလွန်ကဲမှုနှင့် ကြုံတွေ့ခဲ့ရကြောင်းနှင့် နိုင်ငံနယ်မြေ၏ ၉၀ ရာခိုင်နှုန်းခန့် ၁၀၀ စင်တီမီတာ အထူရှိသော ဆီးနှင်းများ ဖုံးလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ပြီးခဲ့သည့် ဆောင်းရာသီတွင် အလွန်ဆိုးရွားသော ရာသီဥတုကြောင့် မွေးမြူရေး တိရစ္ဆာန်သန်းနှင့်ချီသေဆုံးကာ ကျွဲ၊ နွားထိန်းကျောင်းသူများနှင့်ကျေးလက်စီးပွားရေးကို အကြီးအကျယ်ထိခိုက်မှု ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံ၌ အားလပ်ရက် ကိုးရက်အတွင်း ယာဉ်မတော်တဆမှုကြောင့် ၂၀၉ ဦး သေဆုံးပြီး ၃၇၃ ဦး ဒဏ်ရာရ

**ဟန်နွိုင်း ဖေဖော်ဝါရီ ၃**

ဗီယက်နမ်နိုင်ငံတွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ နှစ်သစ်ကူးအားလပ်ရက် ကိုးရက်အတွင်း ယာဉ်မတော်တဆမှုများကြောင့် ၂၀၉ ဦး သေဆုံးကာ ၃၇၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအောက်ရှိ ယာဉ်ထိန်းရဲဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် အဆိုပါ အားလပ်ရက် ကိုးရက်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၄၄၅ မှု ဖြစ်ပွားခဲ့သည်ဟု ယာဉ်ထိန်းရဲဌာနက ပြောသည်။ ယာဉ်မတော်တဆဖြစ်ပွားမှုမှာ ၃၆ ရာခိုင်နှုန်းနှင့် သေဆုံးမှုမှာ ၃၇ ဒသမ ၆၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိမှုမှာလည်း ၃၈ ဒသမ ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ အားလပ်ရက်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ ယာဉ်စည်းကမ်းချိုးဖောက်မှုပေါင်း ၅၆၀၀၀ ခန့်ကို ယာဉ်ထိန်းရဲများက စစ်ဆေးတွေ့ရှိခဲ့ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ စည်းကမ်းချိုးဖောက်မှု ၃၀ ရာခိုင်နှုန်းခန့်မှာ အရက်သေစာသောက်သုံးမှုနှင့် ဆက်နွှယ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကကို ကူညီမှုများ အမေရိကန်ရပ်ဆိုင်းမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

သက်သေအထောက်အထားမရှိဘဲ "အလွန်ဆိုးရွားစွာ" ပြုမူဆက်ဆံခြင်းခံရသူများဟု စွပ်စွဲခံထားရသူအချို့ကို အမေရိကန်အစိုးရက စုံစမ်းစစ်ဆေး၍ မပြီးမီအချိန်အထိ တောင်အာဖရိကကို ကူညီထောက်ပံ့နေမှုများ ရပ်နားတော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

တောင်အာဖရိကသည် မြေယာသိမ်းမှုများ၊ အချို့သူများကို အလွန်ဆိုးရွားစွာ ပြုမူဆက်ဆံမှုများရှိကြောင်း ထရမ့်က ထရမ့်ဆိုရှယ်ပို့စ်တွင်ရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါကိစ္စရပ်များအတွက် ရပ်တည်သွားမည်မဟုတ်ကြောင်းနှင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်များကို အလုံးစုံ စုံစမ်းစစ်ဆေးမှုများ မပြီးမီအချိန်အထိ တောင်အာဖရိကကို ကူညီနေမှုများ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တောင်အာဖရိကသည် တုံ့ပြန်ချက်တစ်စုံတစ်ရာ မပြုလုပ်သေးကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ မီးလောင်မှုဖြစ်ပွားသဖြင့် လေးဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာအနောက်ပိုင်း ဘက်တန်းအ်ပြည်နယ်၌ နှစ်ထပ်အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ နေအိမ်အတွင်း ပိတ်မိနေသော သုံးနှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့ကြောင်း မီးဘေးကာကွယ်ရေးဦးစီးဌာနက ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်အတွင်း အသက် ၇၀ အရွယ် အမျိုးသမီး တစ်ဦး၊ အသက် ၅၃ နှစ်အရွယ် အမျိုးသား တစ်ဦး၊ အသက် ၂၄ နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် အသက် သုံးနှစ်အရွယ် မိန်းကလေးတစ်ဦးတို့ သေဆုံးကြောင်း၊ နေအိမ်၏ပထမထပ်တွင် မီးစတင်လောင်ခဲ့ကြောင်း၊ မီးသတ်သမားများက မိနစ် ၃၀ ထက်မနည်း ငြိမ်းသတ်ခဲ့ရကြောင်း အဆိုပါဌာနက ဆိုသည်။


မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့အေအိုင်နည်းပညာလောကကို ကိုင်လှုပ်လာတဲ့ DeepSeek

ထွန်းကျော်

လတ်တလော ကမ္ဘာ့နည်းပညာလောကမှာတော့ တရုတ်ရဲ့ စမ်းသပ်ထုတ်လုပ်လိုက်တဲ့ ချက်ဘော့ DeepSeek အေအိုင်(ဉာဏ်ရည်တုနည်းပညာ) ကြောင့် ပွက်လောရိုက်သွားခဲ့ပါတယ်။ DeepSeek ဟာ အက်ပဲလ်ရဲ့ အကျော်ကြားဆုံးသော အခမဲ့ရ ချက်ဘော့အေအိုင်အက်ပလီကေးရှင်းတွေကို ကျော်တက်ပြီး အမေရိကန်၊ ယူကေနဲ့ တရုတ်မှာ လူကြိုက်ပိုများလာတဲ့ အက်ပလီကေးရှင်းတစ်ခုဖြစ်ပါတယ်။ DeepSeek အေအိုင် စထွက်လာတဲ့ ဇန်နဝါရီလအစောပိုင်းကတည်းက ဒီအက်ပလီကေးရှင်းကို ဒေါင်းလုတ်ဒ်လုပ်တဲ့သူတွေဟာ တစ်နေ့တခြား တစ်ဟုန်ထိုးများလာခဲ့ပါတယ်။ အခုဆိုရင် အမေရိကန်လုပ် ChatGPT အေအိုင်ကိုတောင် ကျော်တက်သွားခဲ့ပါပြီ။




### ရှယ်ယာဈေးတွေထိုးကျ

ဒါက ဘာကိုပြသလဲဆိုရင် ကမ္ဘာ့အေအိုင်နယ်ပယ်မှာအမေရိကန်သာ ထိပ်တန်းက ဦးဆောင်နေတယ်ဆိုတဲ့အချက်ကို စိန်ခေါ်လိုက်တာပဲဖြစ်ပါတယ်။ ကုန်ကျစရိတ်သက်သာစွာနဲ့ တရုတ်ရဲ့အေအိုင်ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ ချက်ဘော့ DeepSeek ကြောင့် အမေရိကန်နည်းပညာကုမ္ပဏီကြီးတွေရဲ့ ရှယ်ယာဈေးတွေလည်း သိသိသာသာ ထိုးကျသွားခဲ့ပါတယ်။

### ကျန်ကျစရိတ်သက်သာ

အမေရိကန်အခြေစိုက် အေအိုင်နည်းပညာကုမ္ပဏီတွေဖြစ်တဲ့ နဗီဒီယာ၊ မိုက်ခရိုဆော့ဖ်နဲ့ မက်တာကုမ္ပဏီတွေရဲ့ ရှယ်ယာဈေးတွေဟာ ဇန်နဝါရီ ၂၇ ရက် အမေရိကန်ရှယ်ယာအဖွင့်မှာ ဈေးကျဆင်းခဲ့ပါတယ်။

ချက်ဘော့ DeepSeek အက်ပလီကေးရှင်းကို စမ်းသပ်ထုတ်လုပ်ရာမှာ အမေရိကန်တွေရဲ့ ချက်ဘော့အက်ပလီကေးရှင်း ထုတ်လုပ်တဲ့စရိတ်နဲ့ နှိုင်းယှဉ်ရင် အနည်းငယ်မျှသာ ကုန်ကျခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ နည်းပညာလောကကို အမြဲလွှမ်းမိုးထားတဲ့ အမေရိကန်ကိုလည်း မေးခွန်းထုတ်နေကြပါပြီ။

တရုတ်က ဒီချက်ဘော့အက်ပလီကေးရှင်းကို ထုတ်လုပ်ရာမှာ အမေရိကန်ဒေါ်လာ ၆ သန်းမျှသာ ကုန်ကျပြီး တခြားပြိုင်ဘက်တွေက ဒေါ်လာဘီလီယံနဲ့ချီ သုံးစွဲခဲ့တာဖြစ်ပါတယ်။ ဒီအချက်ကလည်း အေအိုင်ရင်းနှီးမြှုပ်နှံမှုပုံစံ နောက်ပိုင်းပြောင်းလဲလာနိုင်သလားဆိုတဲ့အပေါ် ဒွိဟတွေဖြစ်လာကြပါတယ်။

### DeepSeek ကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်

ChatGPT နဲ့ DeepSeek တို့လို အေအိုင်မော်လ်ဒယ်တွေကို ပါဝါပေးတာက အဆင့်မြင့်ချစ်ပ်တွေဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကစပြီး တရုတ်ကို အဲဒီလို အဆင့်မြင့်ချစ်ပ်တွေ မရောင်းဖို့ အမေရိကန်က ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ခဲ့ပါတယ်။ သို့သော်လည်း တရုတ်ရဲ့ DeepSeek ကုမ္ပဏီက ဒါကို အောင်မြင်အောင် စမ်းသပ်ထုတ်လုပ်လာနိုင်ခဲ့တာဖြစ်ပါတယ်။

DeepSeek ကုမ္ပဏီကို နည်းပညာနဲ့ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ရ အသက် ၄၀ အရွယ် မစ္စတာ လျန်ဝမ်ဖန်းက ၂၀၂၃ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ သူဟာ ဒီကုမ္ပဏီအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ထည့်ဝင်ဖို့ ရန်ပုံငွေဈေးကွက်ကိုလည်း ထူထောင်ခဲ့ပါတယ်။ တရုတ်ရဲ့ ဒီချက်ဘော့ကို မြန်မြန်ဆန်ဆန် တီထွင်နိုင်ခဲ့တဲ့ အဓိကအချက်ကတော့ မစ္စတာလျန်ဟာ နဗီဒီယာ အေ ၁၀၀ ချစ်ပ်တွေကို စုဆောင်းနိုင်ခဲ့သလားဆိုတဲ့အပေါ် စဉ်းစားကြည့်ရမှာပါ။ ဒါပေမယ့် သေချာတာကတော့ သူဟာ စွမ်းဆောင်ရည်အလယ်အလတ်လောက်ရှိတဲ့ အိတ်ချ် ၈၀၀ နဗီဒီယာချစ်ပ်တွေ စုဆောင်းခဲ့တယ်လို့ ပြောရမှာပါ။ ဒီချစ်ပ်တွေဟာ DeepSeek ကိုဖန်တီးပုံဖော်ရာမှာ အဓိက အခန်းကဏ္ဍက ပါဝင်လာတာဖြစ်ပါတယ်။ DeepSeek ကတော့ ကုမ္ပဏီရဲ့နာမည်ဖြစ်ပြီး သူတီထွင်ထုတ်လုပ်လိုက်တဲ့ ချက်ဘော့အက်ပလီကေးရှင်းကတော့ DeepSeekR1 ဖြစ်ပါတယ်။

❍ DeepSeek ကုမ္ပဏီကို နည်းပညာနဲ့ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ရ အသက် ၄၀ အရွယ် မစ္စတာ လျန်ဝမ်ဖန်းက ၂၀၂၃ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ သူဟာ ဒီကုမ္ပဏီအတွက် ရင်းနှီးမြှုပ်နှံမှုတွေထည့်ဝင်ဖို့ ရန်ပုံငွေဈေးကွက်ကိုလည်း ထူထောင်ခဲ့ပါတယ်။ တရုတ်ရဲ့ ဒီချက်ဘော့ကို မြန်မြန်ဆန်ဆန် တီထွင်နိုင်ခဲ့တဲ့ အဓိကအချက်ကတော့ မစ္စတာလျန်ဟာ နဗီဒီယာ အေ ၁၀၀ ချစ်ပ်တွေကို စုဆောင်းနိုင်ခဲ့သလားဆိုတဲ့အပေါ် စဉ်းစားကြည့်ရမှာပါ။ ဒါပေမယ့် သေချာတာကတော့ သူဟာ စွမ်းဆောင်ရည်အလယ်အလတ်လောက်ရှိတဲ့ အိတ်ချ် ၈၀၀ နဗီဒီယာချစ်ပ်တွေ စုဆောင်းခဲ့တယ်လို့ ပြောရမှာပါ။ ဒီချစ်ပ်တွေဟာ DeepSeek ကို ဖန်တီးပုံဖော်ရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်လာတာဖြစ်ပါတယ်။ DeepSeek ကတော့ ကုမ္ပဏီရဲ့နာမည်ဖြစ်ပြီး သူတီထွင်ထုတ်လုပ်လိုက်တဲ့ ချက်ဘော့အက်ပလီကေးရှင်းကတော့ DeepSeekR1 ဖြစ်




### DeepSeek နဲ့ ChatGPT တို့ရဲ့ စွမ်းဆောင်ရည်တူသလား

DeepSeek နဲ့ ChatGPT တို့ရဲ့စွမ်းဆောင်ရည်တွေဟာ တစ်ခုနဲ့တစ်ခု သိပ်ကွာလှတာမဟုတ်ပါဘူး။ သူတို့ရဲ့စွမ်းဆောင်ရည် ကွာခြားချက်လေးတွေကို လေ့လာကြည့်ရအောင်ပါ။ ChatGPT ရဲ့ အိုးပင်အေအိုင်ကိုလေ့ကျင့်ပေးဖို့အတွက် အေ ၁၀၀ နဗီဒီယာချစ်ပ် နှစ်သောင်းလောက်အထိသုံးထားပြီး DeepSeek ကတော့ အိတ်ချ် ၈၀၀ နဗီဒီယာချစ်ပ် နှစ်ထောင်ကျော်လောက်အထိပဲ သုံးထားတယ်လို့ ဆိုပါတယ်။ DeepSeek က သုတေသနနဲ့အချက်အလက်ရှာဖွေဖို့ ဆုံးဖြတ်ချက်ပေးနိုင်ဖို့ အဓိကထားသုံးတာဖြစ်ပြီး ChatGPT ကတော့ လူတစ်ယောက်လို စကားပြောနိုင်ဖို့ကို အဓိကဦးစားပေးထားပါတယ်။

ဒါ့အပြင် DeepSeek က ရှာဖွေမှုဆိုင်ရာအခြေခံတည်ဆောက်မှုပုံစံကို သုံးထားပြီး ChatGPT ကတော့ ပြောင်းလဲပုံဖော်မှုဆိုင်ရာ တည်ဆောက်မှုပုံစံကိုသုံးထားပါတယ်။ တည်ဆောက်မှုပုံစံကွာခြားတဲ့အတွက်ကြောင့် ဉာဏ်ရည်ရလာ အောင်လေ့ကျင့်ပေးတဲ့ပုံစံမှာလည်း ကွာခြားပါတယ်။ ဂျီဩမေတြီပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ခိုင်းတဲ့နေရာမှာ ChatGPT ကိုလိုအပ်တဲ့အချက်အလက်တွေ ပြုပြင်ပြောင်းလဲပေးလိုက်တဲ့အခါမှာ အဖြေမှန်အောင်တွက်နိုင်ပြီးတော့ DeepSeek ကတော့ မှန်အောင်မတွက်နိုင်ပါဘူး။ တချို့မူဝါဒဆိုင်ရာတွေကို မေးတဲ့အခါ DeepSeek က မသိဘူးဆိုပြီး အဖြေထွက်လာပြီး ChatGPT ကတော့ အဖြေပေးထားပါတယ်။ DeepSeek နဲ့ ChatGPT တို့ရဲ့ ကွာခြားချက်ကို မေးကြည့်တော့ DeepSeek က မြန်မာလိုချောချောမွေ့မွေ့နဲ့ ဖြေကြားပေးထားပြီးတော့ ChatGPT ကတော့ မြန်မာစာအထားအသိုတွေ လွဲမှားနေပါတယ်။ ဒါတွေကို လေ့လာကြည့်မယ်ဆိုရင် DeepSeek က ပုံရိပ်ပုံဖော်ခွဲခြမ်းစိတ်ဖြာတဲ့နေရာမှာ အားနည်းပြီး ChatGPT ကတော့ လေးလေးနက်နက်စူးစမ်းတွေးခေါ်နိုင်တာကို တွေ့ရပါတယ်။

### DeepSeek က အမေရိကန်နည်းပညာလောကကို ဂယက်ထစေ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတောင် DeepSeek ဟာ အမေရိကန်အေအိုင်နည်းပညာလောကကို ဂယက်ထစေခဲ့တယ်လို့ ပြောလာခဲ့ပါပြီ။ လွန်ခဲ့တဲ့ရက်သတ္တပတ်ကလည်း သမ္မတ ထရမ့်က အိမ်ဖြူတော်မှာ အိုးပင်အေအိုင်၊ အော်ရယ်ကယ်နဲ့ ဆော့ဖ်ဘဏ်တို့ဟာ စတားဂိတ်လုပ်ငန်းလို့ခေါ်တဲ့ အေအိုင်နည်းပညာကဏ္ဍမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်မယ်ဆိုတဲ့ အကြောင်း ကြေညာခဲ့ပါတယ်။ အခုလို DeepSeek ကိုစမ်းသပ်တီထွင်နိုင်ခဲ့ခြင်းဟာ အေအိုင်နည်းပညာကဏ္ဍမှာ ပမာဏအမြောက်အမြားရင်းနှီးမြှုပ်နှံမှုအပေါ် ထိခိုက်လာမှာလားဆိုတဲ့အပေါ် စိုးရိမ်နေကြပါတယ်။ ထို့အတူ အေအိုင်လောကအတွက် အရွေ့တစ်ခု အလှည့်အပြောင်းတစ်ခုလည်း ဖြစ်လာနိုင်ပါတယ်။

ကိုးကား – စကိုင်းနယူးစ်

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းဖွင့်လှစ်

**မကွေး ဖေဖော်ဝါရီ ၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တောင်ညို (ပန်းတင်)- မြို့သစ်-ကန်ပြား(မကွေး) လမ်း (မကွေးမြို့နယ်အပိုင်း) အကျယ် ၂၄ ပေ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ ကတ္တရာလမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစံမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေး မဟာဗျူဟာပါအချက်များအတိုင်း ဆောင်ရွက်နေကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၈၅၃ ဘီလီယံခန့် အသုံးပြုပြီး လမ်းမိုင်ပေါင်း ၃၃ မိုင်ကျော်နှင့် တံတားပေါင်း ၁၅ စင်းတို့ကို ဆောင်ရွက်ပေးနေကြောင်း၊ ယနေ့ဖွင့်လှစ်သည့် တောင်ညို(ပန်းတင်)-မြို့သစ် - ကန်ပြား(မကွေး) လမ်းသည် တိုင်းဒေသကြီး၏ ဝင်ပေါက်ဖြစ်သည့် အဓိကလမ်းမကြီးဖြစ်ကာ နေ့စဉ် မော်တော်ယာဉ်စီးရေ ၆၀၀ ကျော်နှင့် ဆိုင်ကယ်စီးရေ ၁၅၀၀ ကျော်တို့ သွားလာအသုံးပြုလျက်ရှိသဖြင့် မကွေးမြို့နယ်အပိုင်းတွင် ၁၃ မိုင်၊ မြို့သစ်မြို့နယ်အပိုင်းတွင် ခုနစ်မိုင် စုစုပေါင်းမိုင် ၂၀ ကို ၂၄ ပေ ကတ္တရာလမ်းများအဖြစ် အဆင့်မီစွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိနေသည့် လမ်းအရှည် ၃၆ မိုင် ၆ ဖာလုံကိုလည်း ၂၄ ပေအကျယ် လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကတ္တရာလမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# လှိုင်ကော်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းများအား မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အိမ်ထောင်စုအလွတ်ဖြင့် ကောက်ယူခြင်း သင်တန်းပို့ချ

**လှိုင်ကော် ဖေဖော်ဝါရီ ၃**

ယခင်ကောက်ယူထားသည့် eID အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိအခြေအနေ ကိုက်ညီမှန်ကန်ရေး မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အိမ်ထောင်စုအလွတ်ဖြင့် ကောက်ယူခြင်း သင်တန်းပို့ချခြင်းကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**



သင်တန်းတွင် လှိုင်ကော်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းခဲ့ကြောင်း၊ ယခုသင်တန်းသည် မြေပြင်၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်း ကောက်ယူရာတွင် လုပ်ငန်းများ အဆင်ပြေစေရေးအတွက် ရှင်းလင်းဆွေးနွေး ပို့ချမည့် သင်တန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက မြေပြင်ကွင်းဆင်း ကောက်ယူရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သုံးရပ်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူးက အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့် လူဦးရေစာရင်းများ စိစစ်အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ဒုတိယ ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးမှူးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# ဇလွန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေး

**ဇလွန် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးလောင်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က အခြေခံပညာအထက်တန်းကျောင်းများရှိ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား စာသင်ကျောင်းတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျလက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေအပြည့် ဖြည့်တင်းထားရှိရေး အသိပညာပေးစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မအူပင်တက္ကသိုလ်၌ Grade - 12 အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် ဟောပြော

**မအူပင် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်၌ Grade – 12 အောင်ချက်မြင့်မားရေး သိပ္ပံတွဲနှင့် ဝိပ္ပံတွဲဘာသာရပ်များ၊ ဝိဇ္ဇာတွဲ ဘာသာရပ်များ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦး၊ ခရိုင်ပညာရေးမှူး ဒေါက်တာ သန္တာဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်တို့ ပူးပေါင်း၍ မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade – 12 ကျောင်းသား ကျောင်းသူ ၁၇၁၂ ဦးအား ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက ဆရာကြီး ဆရာမကြီးများက ဘာသာရပ်အလိုက် ဟောပြောဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တက္ကသိုလ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်စေရေး ကွင်းဆင်းစိစစ်ကောက်ယူ

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် ရပ်ကွက်များအတွင်း ကွင်းဆင်းစိစစ်ကောက်ယူခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး (၁၉) ရပ်ကွက်အား အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ကြပြီး အဖွဲ့(၁) တွင် ပုလဲငွေရောင်၊ အမရဋ္ဌာနီအနောက်၊ ပြည်ကြီးကျက်သရေအရှေ့၊ ပြည်လုံးချမ်းသာ၊ ဘုန်းတော်တိုး၊ သီရိမာလာအရှေ့၊ အောင်မြေသာစံ၊ အိုးဘို၊ ဒေါနဘွား ရပ်ကွက်တို့ပါဝင်ပြီး အဖွဲ့(၂)တွင် မဟာဇေယျာဘုံ၊ အနိုပ်တော်၊ ပြည်ကြီးရန်လုံ၊ သီရိမာလာအနောက်၊ ညောင်ကွဲ၊ မေဃဂီရိ၊ အမရဋ္ဌာနီအရှေ့၊ ဥပုသ်တော်၊ မင်းတဲအီကင်း၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်တို့ ပါဝင်ကြောင်း သိရပြီး ဖေဖော်ဝါရီ ၃ ရက်ကစတင်၍ ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မိတ္ထီလာမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာပေရတနာစာကြည့်တိုက်ဖွင့်



**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မွေကျေးရွာ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာပေရတနာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ အဖွဲ့ဝင် (၂) ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် မွေကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇောတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာပေရတနာစာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများက သုတ၊ရသစာအုပ်စာစောင်များ လေ့လာဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးလက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်၊ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်ကို အသုံးပြုကြစေရန် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ခဲ့ရာ စာကြည့်တိုက်ကော်မတီနာယက ဦးကျော်ဇောက လက်ခံယူသည်။ ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။ ယင်းနောက် စာကြည့်တိုက်အတွက်လှူဒါန်းကြသည့် အလှူရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ စာပေရတနာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ နှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ တို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ပင်းတယ၌ မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

**ပင်းတယ ဖေဖော်ဝါရီ ၃**



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာ သင်တန်းအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော်အနေဖြင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် အသေးစား စက်မှုလက်မှု လုပ်ငန်းများကို စနစ်တကျ မှတ်ပုံတင်ခြင်း၊ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အသေးစားလုပ်ငန်းရှင်များ၏ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို စံချိန်စံညွှန်းပြည့်မီစေရေး၊ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်ခွဲစစ်ဆေးပေးခြင်းနှင့် ဈေးကွက်ရရှိရေးအတွက် ပြပွဲ၊ ဈေးရောင်းပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို လက်တွေ့အသုံးချကာ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာအောင် ဆက်လက်ကြိုးစားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းမှထွက်ရှိသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းထူထောင်လုပ်ကိုင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

ရဲထက်ဦး(ပြန်/ဆက်)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ပူးပေါင်းကာ မော်လမြိုင်မြို့၌ Road Safety Education Training ကို နှစ်ရက်တာပြုလုပ်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ မွန်ပြည်နယ် မော်လမြိုင်မြို့၌ Road Safety Education Training ကို နှစ်ရက်တာ ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ သိရသည်။

အဆိုပါ Road Safety Education Training ကို မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၌ ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်း Road Safety Education Training ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းလည်း Road Safety Education Training သို့ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီအသင်းဝင် ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုကူညီရေးအသင်းအဖွဲ့များအား ကြက်ခြေနီနည်းပြများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချလျက်ရှိသည်ဟု သိရသည်။

ASH




## စစ်ကိုင်းမြို့နယ်၌ ဆောင်းနေကြာ ၃၁၃၃၇ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းရာသီစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၁၃၃၇ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ဆောင်းရာသီစိုက်ပျိုးချိန် ဆောင်းနေကြာကို ၃၁၃၃၇ ဧက စိုက်ပျိုးဖို့ လျာထားရာမှာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ စစ်ကိုင်းမြို့နယ်အတွင်းမှာ ဆောင်းနေကြာကို ဆင်းရွှေကြာ (၂)နဲ့ ရေဆင်း (၁)မျိုးများကို အများဆုံးစိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်၌ ယခင်နှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင်လည်း ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၁၂၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# မုံရွာမြို့နယ်၌ ငရုတ်သီးနှံများထွက်ပေါ်၍ အကျိုးအမြတ်ရရှိ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးနှံကို ကျေးရွာတစ်ရွာ၌ စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးနှံ မျိုးစေ့များကို စက်တင်ဘာလတွင် ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ အောက်တိုဘာလတွင် ပျိုးပင်သက်တမ်း တစ်လသားခန့်အရွယ်ရှိ ငရုတ်ပင်များကို မြေချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ခူးဆွတ်ရကြောင်း၊ သာမို - ၁၁ နှင့် မောင်တိန်-၀၄၄ ငရုတ်မျိုးများ စိုက်ပျိုးကြပြီး သာမို-၁၁ မျိုးကို သာ အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၇ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ငရုတ်သီးအစို ပိဿာချိန် ၁၅၀၀-၁၇၀၀ ခန့်ထွက်ရှိကာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မုံရွာမြို့ရှိ ကုန်စိမ်းပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချမှုရှိသည့်အပြင် ပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# မုံရွာမြို့နယ်၌ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျေးရွာတစ်ရွာ၌ ပြောင်းသီးနှံများကို ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး ၂ လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီးအဖြူမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပြောင်းဖူး ၄၈၀၀-၅၀၀၀ ခန့် ထွက်ရှိကာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူမှုရှိသည့်အပြင် တောင်သူများက မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**



# ကျောက်ဆည်မြို့နယ်၌ ငှက်ပျောသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျို့ရွာ၊ သာဂရရွာနှင့် သံချက်ကုန်းရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငှက်ပျောသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်၌ ၁၂၈၂ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးပြီး ၁၀ လခန့်အကြာတွင် ငှက်ပျောသီးနှံများကို စတင်ခုတ်ယူရောင်းချနိုင်ကြောင်း၊ ဖီးကြမ်းငှက်ပျောမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငှက်ပျောခိုင် အခိုင် ၈၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ငှက်ပျောခြံအရောက် လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ကျောက်ဆည် ဒေသတွင်းနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ ငှက်ပျောသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ယခုအချိန်တွင် ငှက်ပျောသီးများ ထွက်ပေါ်ခြင်း မရှိသေးသော်လည်း ငှက်ပျောစိုက်ခင်းများမှာ အောင်မြင် ဖြစ်ထွန်းလျက်ရှိရာ ငှက်ပျောသီး ထွက်ပေါ်ချိန်တွင် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

# မြို့သစ်မြို့နယ်၌ ကြက်သွန်နီ(ဥစိုက်)များ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို စိုက်ပျိုးကြကြောင်း၊စိုက်ပျိုးမှုအနေဖြင့် ဥစိုက်နှင့် ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး ကျေးရွာတစ်ရွာတွင် ကြက်သွန်နီ(ဥစိုက်) ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို စက်တင်ဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ဇော်မွှားမျိုးနှင့် ကြမ်းကျွံမျိုးများဖြစ်ပြီး ဇော်မွှားမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီကိုဘောင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တစ်ဧကစိုက်ပျိုးမှုအတွက် အရွယ်အစားအပေါ်မူတည်၍ မျိုးဥပိဿာချိန် ၃၅၀-၄၅၀ ခန့်နှင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ မြေပြုပြင်ထွန်ယက်ခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၂၃၀၀-၂၈၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့ရှိ ကြက်သွန်နီပွဲရုံများသို့ တင်ပို့ရောင်းချသည့်အပြင် ပြည်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ထိုပွဲရုံများမှတစ်ဆင့် ရန်ကုန် (ဘုရင့်နောင်ပွဲရုံ) သို့ တင်ပို့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီအထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## ၃-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) ဧည့်မထ | ဆန်(တစ်ပြည်) ငစိန် | ဆန်(တစ်ပြည်) ပေါ်ဆန်း | ဆီ(တစ်ပိဿာ) ပဲဆီ | ဆီ(တစ်ပိဿာ) စားအုန်းဆီ | စားဖိုဆောင်သုံး (တစ်ပိဿာ) ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | အသား၊ ငါး(တစ်ပိဿာ) ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | လားရှိုး | | | | | | | | | | | | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၁၄၀ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၂၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၉ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၅၆၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၁၈၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၄၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၁၀၀ | ၂၁၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၄ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၃၁၅ | ၂၀၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၇၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၉ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဒင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်း ချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ် မြိုင်- ပခုက္ကူကားလမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၆၀၂ တန်၊ အခြားသစ် ၀ ဒသမ ၅၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် Canter Truck တစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ထို့ပြင် ဖေဖော်ဝါရီ ၂ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ဖားအောက်ရပ်ကွက် ကော့ခမယ်လမ်းမ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၆၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၄၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းစပ်၊ ၉၂၉ ရေဆိပ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ၇၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၆၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၉၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၂ ဒသမ ၉၀၈ တန်၊ အခြားသစ် ၀ ဒသမ ၄၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၈၅၀၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၈၅၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်၊ ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၆၅၀၂ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@pxooppwintwai1234" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာနေ ပွင့်ဖူးဝေအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တောင်ညို နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့် လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြင်းခြံမြို့နယ် တလုပ်မြို့ဝန်းကျင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲကြောင်း သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် တလုပ်မြို့ဝန်းကျင်တွင် ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက လေကြောင်းဖြင့် ဗုံးကြဲခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါနယ်မြေအတွင်း ပြည်သူများ အေးချမ်းသာယာစွာဖြင့် နေထိုင် လုပ်ကိုင်နိုင်စေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန် ရည်ရွယ်၍ Drone များအသုံးပြုကာ Drop Bomb ချတိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးရခြင်းများရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဖေဖော်ဝါရီ ၂ ရက်က ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျောက်တံခါးမြို့နယ် ဖဒို-ကျွန်းကုန်းလမ်း မိုင်တိုင်အမှတ် ၈၂ မိုင် ၆ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖဒိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ကျွန်းကုန်းဘက်မှ ဖဒိုဘက်သို့ ကျောက်တံခါးမြို့နယ် ဒည်းကုန်းကျေးရွာနေ ဦးညွန့်ရွှေ(၆၅)နှစ် မောင်းနှင်လာသည့် YGN-6 RLG/xxxx TOYOTA VOXY ယာဉ်သည် အခင်းဖြစ်နေရာအရောက်လမ်းဘေး၌ ဈေးရောင်းနေသည့် ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်နေ မကျန်ပါး(၂၅)နှစ်နှင့် ဈေးဝယ်နေသော ဆယ့်လေးရွာကျေးရွာနေသူများဖြစ်သည့် ဒေါ်ခင်နွယ်(၅၈)နှစ်၊ ဒေါ်အေးမြင့်(၅၆)နှစ်နှင့် ဒေါ်စန္ဒာဝင်း(၃၀) နှစ်တို့ လေးဦးအား ဝင်ရောက်တိုက်မိသဖြင့် မကျန်ပါးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဒေါ်ခင်နွယ်၊ ဒေါ်အေးမြင့်နှင့် ဒေါ်စန္ဒာဝင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ညွန့်ရွှေအား ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အင်းစိန်မြို့နယ်၌ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ အိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဖေဖော်ဝါရီ ၂ ရက်က ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ငြှိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အားစိစစ်ရာ အဆိုပါရပ်ကွက်နေ လှအောင်(၂၉)နှစ်သည် နေအိမ်အတွင်း ဖယောင်းတိုင် မီးထွန်းထားရာမှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် အိမ် ခုနစ်လုံး ပျက်စီးဆုံးရှုံးခဲ့သဖြင့် လှအောင်အား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မာဃမင်းဖလား တင်းနစ်ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မာဃမင်းဖလား တင်းနစ်ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပြိုင်ပွဲများတွင် ပထမတန်း၊ ဒုတိယတန်းအမျိုးသား တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အသက် ၁၂ နှစ်အောက်၊ ၁၆ နှစ်အောက်၊ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသက် (၅၀) နှစ်အထက်၊ အသက်(၆၀)နှစ်အထက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများ အပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသော အားကစားသမားများအား ဆုများ ချီးမြှင့်သည်။(ဓာတ်ပုံ)



ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသော အသင်းများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးသူရကလည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသော အသင်းများအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများ ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပခဲ့ပြီး ကလပ်အသင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကလပ်အသင်းများမှ အားကစားသမား ၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

❖ *ကျောဖုံးမှ*

ကစားသမား ရိုက်စ်အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သည်။

**ဂိုးပေါက်ကန်သွင်းမှု ၁၂ ကြိမ်ပြုလုပ်**

အာဆင်နယ်အသင်းသည် မန်စီးတီးအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၁၂ ကြိမ်ပြုလုပ်ခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်တည့်မတ်မှုရှိခဲ့သည်။ ပြိုင်ဘက် မန်စီးတီးအသင်းက ဂိုးပေါက်ကန်သွင်းမှု ခုနစ်ကြိမ်ရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု လေးကြိမ်ရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို အိုဒီဂတ်၊ ပါတေး၊ စကယ်လီ၊ ဟာဗက်ဇ်နှင့် အင်ဝမ်နာရီတို့က သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောဂိုးကို အဓိကတိုက်စစ်ကစားသမား ဟာလန်းက သွင်းယူပေးခဲ့သည်။

**လီဗာပူးအသင်းကိုအနီးကပ်ဖိအားပေး**

အာဆင်နယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၄ ပွဲကစားပြီး နိုင်ပွဲ ၁၄ ပွဲနှင့်အတူ ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ်ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက်မန်စီးတီးအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လိဂ်ရှုံးပွဲ ခုနစ်ပွဲ ရှိလာပြီဖြစ်သည်။ **အောင်ဇော်**

❊ *ကျောဖုံးမှ*

ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက တိုက်စစ်မှူး ပက်ထရစ်၏ဂိုးများဖြင့် အနိုင်ရရှိကာ အဆင့် ၆ နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာမူ နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ အဆင့်ကျသွားခဲ့သည်။

နှစ်သင်းစလုံး လူစုံပါဝင်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၆ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးရရန်ကြိုးပမ်းခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၅၉ မိနစ်တွင် ပက်ထရစ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ ခန့်ဇင်ဟိန်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ၆၂ မိနစ်တွင် စောမျိုးဇော် သွင်းယူသည့် ပယ်နယ်တီဂိုးဖြင့် အနိုင်ရခဲ့ပြီး တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ ဟံသာဝတီအသင်းမှာမူ ယခုရှုံးပွဲကြောင့် ဒုတိယနေရာမှ ဖယ်ပေးခဲ့ရပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း ချန်ပီယံဆုနှင့် ပိုမိုနီးစပ်သွားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ စောမျိုးဇော်က ရရှိသည်။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက ငါးမှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**



ရတနာပုံအသင်းမှ စခန့်ချော မဟာယူနိုက်တက်နောက်ခံလူများကို ကျော်ဖြတ်စဉ်။

## နိုင်ငံတကာ အားကစား



### မန်ယူတိုက်စစ်ကစားသမား ရက်ဖို့ဒ် ဗီလာသို့ အငှားပြောင်းရွှေ့

အက်စ်တွန်ဗီလာအသင်းသည် မန်ယူတိုက်စစ်ကစားသမား မားကပ်စ်ရက်ဖို့ဒ်ကို ရာသီဝက် အငှားစာချုပ်ဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် အသက် ၂၇ နှစ်အရွယ် ရက်ဖို့ဒ်ကို ခေါ်ယူရာတွင် ပေါင်သန်း ၄၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့် ပါရှိကြောင်း သိရသည်။ ထို့အပြင် အက်စ်တွန်ဗီလာအသင်းသည် ပီအက်စ်ဂျီအသင်းမှ စပိန်ကွင်းလယ်ကစားသမား အေဆန်စီယိုကိုလည်း အငှားခေါ်ယူရန် နီးစပ်နေပြီ ဖြစ်သည်။ နည်းပြအမ်မိုရင်လက်ထက်တွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသော ရက်ဖို့ဒ်သည် ယခုနှစ်ရာသီတွင် လိဂ် ၁၅ ပွဲသာ ပါဝင်ကစားခွင့် ရရှိထားသည်။

### ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ အဘူဒါဘီအိုးပင်းပြိုင်ပွဲကို ပထမအဆင့်မှ ယှဉ်ပြိုင်ကစားခွင့် ရရှိ

ဗြိတိန်နာမည်ကျော် တင်းနစ်မယ် အမ်မာရာဒူကာနူသည် wildcard (အရည်အချင်းစစ်မခံရဘဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်) ဖြင့် အဓိက အဆင့်သို့ ဝင်ရောက်ရန် ကမ်းလှမ်းခြင်း ခံခဲ့ရသောကြောင့် အဘူဒါဘီအိုးပင်း တင်းနစ်ပြိုင်ပွဲ၌ လက်ရည်စစ်ပွဲ ယှဉ်ပြိုင်ကစားရန် မလိုအပ်တော့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ရာဒူကာနူသည် ၂၀၂၁ ယူအက်စ်အိုးပင်း ပြိုင်ပွဲပြီးနောက် ပထမဆုံးအကြိမ် လက်ရည်စစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် အဓိက အဆင့်သို့ wildcard ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံခဲ့ရခြင်း ဖြစ်သည်။

ရာဒူကာနူသည် ဖေဖော်ဝါရီ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အဘူဒါဘီအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ချက်ဇ်တင်းနစ်မယ် မာကီတာ ဗွန်ဒေါ်ဆိုဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ကမ္ဘာ့အဆင့် ၅၆ တွင် ရပ်တည်နေသည့် ရာဒူကာနူသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၌ တတိယအဆင့်သို့ ရောက်ရှိအောင် စွမ်းဆောင်ထားနိုင်သည်။ သို့သော်လည်း ၎င်းသည် ဇန်နဝါရီ ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စင်ကာပူအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် စပိန်တင်းနစ်မယ် ဘူစကာကို ၇–၅၊ ၅–၇၊ ၅–၇ ရလဒ်ဖြင့် ရှုံးနိမ့်ထားသည်။



### ဘရိုက်တန်တိုက်စစ်ကစားသမား ဖာဂူဆန် ဝက်စ်ဟမ်းသို့ အငှားပြောင်းရွှေ့

ဘရိုက်တန်တိုက်စစ်ကစားသမား အီဗန်ဖာဂူဆန်သည် ဝက်စ်ဟမ်းအသင်းသို့ ရာသီကုန်အထိ အငှားပြောင်းရွှေ့သွားပြီ ဖြစ်သည်။

ထို့ကြောင့် အိုင်ယာလန်တိုက်စစ်ကစားသမားသည် ဝက်စ်ဟမ်းအသင်း၌ ဘရိုက်တန်အသင်း နည်းပြဟောင်း ဂရေဟမ်ပေါ်တာနှင့် ပြန်လည်ပူးပေါင်းသွားတော့မည် ဖြစ်သည်။

အသက် ၂၀ အရွယ် ဖာဂူဆန်သည် ယခုနှစ်ရာသီတွင် ဘရိုက်တန်အသင်းအတွက် ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။ လတ်တလောတွင် ဝက်စ်ဟမ်းအသင်းမှ အားထားရသည့် ကစားသမားများဖြစ်သော ဘိုဝင်၊ ဖူးလ်ခရက်နှင့် အန်တိုနီယိုတို့မှာ ဒဏ်ရာအနာတရဖြင့် ရုန်းကန်နေရကြောင်း သိရသည်။

### စီးရီးအေ ပွဲစဉ် (၂၃) တွင် အိန်ဂျယ်လီနို၏ နောက်ကျဂိုးကြောင့် ရိုးမားက နာပိုလီကို သရေကျ

အီတလီစီးရီးအေပွဲစဉ် (၂၃) မှ ရိုးမားနှင့် နာပိုလီအသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

နာပိုလီအသင်းသည် ပွဲကစားချိန် ၂၉ မိနစ်တွင် ရရှိခဲ့သော စပင်နာဇိုလာ၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ထပ်ဆောင်းအချိန်ပို နှစ်မိနစ်တွင် ရိုးမားခံစစ်ကစားသမား အိန်ဂျယ်လီနို၏ သွင်းဂိုးကို ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ခြင်း ဖြစ်သည်။

နာပိုလီအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း အမှတ်ပေးဇယားကို သုံးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

**■ မိုးဇက် – စုစည်းသည်**




## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်–အောင်ချမ်းသာတိုးချဲ့(အေးမေတ္တာရပ်ကွက်)၊ ကံကော်လမ်းရှိ ပါမစ်မြေအမျိုးအစားဖြစ်သော မြေကွက်အမှတ်–၁၉၃၁ ဟုခေါ်တွင်သည့် အကျယ်ပေ(၄၀ x ၆၀)ရှိ ခြံမြေသည် သန်လျင်/ကျောက်တန်းမြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေယာရုံးခွဲ(၁၅)တွင် ဦးလှမြင့်/ဒေါ်သန်းနု (ဘ)ဦးတင်လှိုင်(၁၂/သလန(နိုင်)၀၉၃၀၈၀)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းတို့ထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် (၂၀ x ၆၀)ပေအား စိတ်ပိုင်း ဝယ်ယူပိုင်ဆိုင်ထားသော ရောင်းချသူဖြစ်သည့် ဒေါ်မိုးသန္တာ (ဘ)ဦးအောင်ကျော်ထွန်း(၁၂/သကတ(နိုင်)၁၅၁၃၄၂) ကိုင်ဆောင်သူက အဆိုပါ ခြံမြေသည် မိမိတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဆက်ခံသူ မှီခိုသူကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးအောင်ဆန်းအေး(ဘ)ဦးဘိုးကျော(၁၂/သကတ(နိုင်)၀၃၉၇၉၅) က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးအောင်ဆန်းအေး**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B.D.B.L.D.I.L. (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆)**
**အမှတ်(၃၇)၊ T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၅ ၉၇၉ ၁၂၆**

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## ရောဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## မြောင်းမြမြို့နယ်စည်ပင်သာယာရေးကော်မတီ
## ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံ ငွေ(GRF)ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား ကန့်သတ်မှုမရှိသောတင်ဒါတင်သွင်းခြင်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ သားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအားမြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|
| Lot(3) | မြကန်သာရပ်ကွက်ရှိ အပြင်ပတ်လမ်း (စိုက်သီပွဲလမ်း) ကွန်ကရီခင်းခြင်း (ပစ္စည်း+လုပ်အားခ) | ၄၃၀၀'x၁၂'x၆" |

၂။ တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **တင်ဒါအဆိုပြုလွှာ်လွှာ စတင်ရောင်းချမည့်ရက်** – ၃–၂–၂၀၂၅ရက်
(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** – ၁၄–၂–၂၀၂၅ရက်
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်** – ၁၈–၂–၂၀၂၅ ရက်

၃။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များအား မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အင်ဂျင်နီယာဌာနခွဲတွင်(၃–၂–၂၀၂၅)ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် သိရှိလိုသည့်အချက်များအား ဖုန်း–၀၄၂–၇၀၁၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြောင်းမြမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၄၆)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ မြေကွက်သည် မြို့သစ်ရပ်ကွက်၊ ပြည်ခိုင်ဖြိုးအသင်းအမည်ဖြင့် အမှုတွဲအမှတ်၊ ၁၀၀၉(၃)/၂၀၀၀–၂၀၀၁အရ ၂–၈–၂၀၁၅ ရက်အထိ(၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် ဦးညွန့်ဝင်း (ဥက္ကဋ္ဌ၊ မြစ်ကြီးနား ခရိုင်ပြည်ခိုင်ဖြိုးပါတီ) က မြေငှားဂရန်မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူ မဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ အကွက်အမှတ်(၄၇/သုခ ရပ်)၊ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ဒသမ ၂၂၃)ဧက အား ဦးမျိုးတင့် ၅/ကလထ(နိုင်)၀၃၃၈၄၃(ဘ)ဦးချောမှ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးမျိုးတင့်**

(ဖုန်း–၀၉–၄၀၀၃၀၇၆၉၂)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(ည/၁၅)၊ ဧရိယာ (၄၀ပေ x ၆၀ပေ) (၀.၀၅၅)ဧကရှိ (၂၅)နှစ် (ဂရန်သက်တမ်းကုန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(ည/၁၅)၊ အာသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့်ပွဲရုံအဆောက်အဦးနှင့်တစ်ကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အမည်ပေါက် ဦးမောင်မောင်စိုး (၁၄/ပသန(နိုင်)၁၄၇၈၄၂)ထံတွင် ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည်ဤကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်း စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့်တစ်ကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်–၂၁၇၂)**
**B.A(law) LL.B(Advocate), D.B.L, D.M.L, D.I.L, D.A.Psy.**
**WIPO,DL (101), (201), (317), Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့(၁၂)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း– ၀၉၅၀၇၁၂၀၆၊ ၀၉ ၉၇၄၇၃၅၆၈၆**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ တိုက်အမှတ်(၃၅/က+ခ) ၅လွှာ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြော်ငြာခြင်း

အထက်ဖော်ပြပါလိပ်စာရှိတိုက်ခန်းသည် ဦးဝင်းသိန်း (၉/တကန(နိုင်)၀၂၃၄၅၆)နှင့် ဒေါ်အမာတင်(၉/တကန (နိုင်)၀၂၃၄၅၇)တို့ ပိုင်ဆိုင်သောတိုက်ခန်းများဖြစ်ကြပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားမူရင်းများ (၂၄–၁–၂၀၂၅)ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းမှား ဝယ်မှားမဖြစ်စေရန် အသိပေးကြေညာ အပ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်း ခြင်းနှင့်လွှဲဒါန်းခြင်းတို့ပြုလုပ်ခွင့်မရှိကြောင်း အရောင်းအဝယ်ပြုလုပ်ထားပါကလည်း ဝယ်ယူသူ၏တာဝန်သာ ဖြစ်ကြောင်းနှင့်သိရှိတွေ့ရှိပါက တရားဥပဒေကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပိုင်ရှင်**
**ဦးဝင်းသိန်း၊ ဒေါ်အမာတင်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်း အမှတ်(၃၅/၁)၊ ဦးပိုင်အမှတ်(၈၂)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက ဒေါ်ဝမ်မေယဉ် အမည်ဖြင့် ၃၀–၆–၁၉၉၉ရက်အထိ (၅)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ဝမ်မေယဉ်က ၂၆–၁၂–၂၀၂၄ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၅၅၄/၂၀၂၄)အရ ဒေါ်စုဖန် ၁/ဝမန(ပြု)၀၀၀၂၉၈ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်စုဖန်အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းကွက်သစ်ရပ်ကွက်၊ ရွှေတစ်ချောင်းလမ်း၊ အိမ်အမှတ် (၃/၂၄)နေ ဦးမျိုးမြင့် ၁၃/ကလန(နိုင်) ၀၀၈၁၆၀ ၏(သမီး) မသက်သက်ယဉ်မြင့် ၇/ပမန(နိုင်)၁၆၄၆၀၀သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူကို ပြုလုပ်ပါသဖြင့် (သမီး) အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်ဆက်နွယ်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ စစ်တောင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(ဇ–၈၀၀၈)၊ ဧရိယာ (၀.၁၄၃)ဧကခန့်အကျယ်ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေယာဌာနမှမြေငှားစာချုပ်အမှတ်–ဇမ္ဗူသီရိ/သစ်–၁၃၈/၂၀၂၂–၂၀၂၃၊ အမှုတွဲအမှတ် ၂၉၂/၂၀၂၂–၂၀၂၃(ဇမ္ဗူသီရိ)နှစ်(၃၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်မှ ရရှိလာမည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်ဖြစ်သူ ဒေါ်သန္တာမင်း(ဘ) ဦးမောင်မောင် ၈/သရန(နိုင်)၀၀၁၃၉၇က တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချရန်ကမ်းလှမ်းထားသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဇာနည် ၉/သစန(နိုင်)၁၆၈၂၆၅ကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်းကို(၃၀–၁–၂၀၂၅)ရက်က စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဇာနည် ၉/သစန(နိုင်)၁၆၈၂၆၅ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးညွန့်(LL.B) အထက်တန်းရှေ့နေ (စဉ်–၃၉၉၇၃)**
**အမှတ်(၅/၉–ခ)၊ကျော်ညီနောင်ရပ်ကွက် ပျဉ်းမနားမြို့၊ နေပြည်တော်။**
**ဖုန်း–၀၉–၄၃၀၂၀၂၄၆၊ ၀၉–၄၀၀၀၉၆၅၆၃**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကော့သောင်းမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

ကော့သောင်း ဖေဖော်ဝါရီ ၃

ကော့သောင်းမြို့၌ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က သဘာဝဘေး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အခြေခံသဘောတရားများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းစနစ်များ၊ အထွေထွေဗဟုသုတများ ရရှိရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အခြေခံ ပညာရပ်များကိုမိမိတို့ အတွေ့အကြုံနှင့်ပေါင်းစပ်၍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်၊ သင်တန်းမှ ရရှိတတ်မြောက်လာသည့်သင်ခန်းစာ၊ အတွေ့အကြုံ၊ ဗဟုသုတများကို လက်ဆင့်ကမ်း သင်ကြားပေးကြရန် လိုကြောင်း ပြောကြားသည်။



ပုဗ္ဗသီရိမြို့နယ်နေ ဦးသန့်ဇော်မင်းနှင့် ဒေါ်ဆင့်ဆင့်ဝင်းတို့၏သား မောင်ဝေယံမင်းသန့် ၉/ပဗသ(နိုင်) ၀၂၉၈၆၆နှင့် မောင်ဝေယံဝင်းသန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဝေယံမင်းသန့် (ခ)**
**မောင်ဝေယံဝင်းသန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ဦးအောင်သိန်းကျော် (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃) ၏ ကြော်ငြာတွင် ဒေါ်အေးမြင့်အစား ဒေါ်အေးမြင့်ဖုံ ၁၁/မတန(နိုင်) ၀၁၅၈၅၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဇာနည် ၁၂/ဒဂန(နိုင်)၀၀၁၆၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာ အပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်-၃၀ရှိ Blossom Garden ကွန်ဒိုတိုက်၏ (၅-လွှာ)၊ အခန်းအမှတ်-5/E ဟု ခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ကန်ထရိုက်တာ(နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီ)ထံက ဦးချမ်းငြိမ်း ၁၂/မဂတ (နိုင်)၀၃၅၉၀၈၊ ဒေါ်ယဉ်နွယ်ထွန်း၁၂/ရပသ(နိုင်)၀၇၀၃၉၂တို့မှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ၎င်းတို့သာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၄၁၇၀၃/၂၀၁၃)** |
| | **ဒေါ်တင်ဇာမျိုး(LL.B)** |
| | **(စဉ်-၄၅၂၆၅/ ၂၀၁၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၂၀၀၈၀၅၁၂ ၊ ၀၉- ၇၃၁၆၇၈၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/20007 Haojue HJ110-6 M/C(2x1) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သန်း ၁၂/သလန(နိုင်)၁၈၂၇၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4437 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## (၃၀-၁-၂၀၂၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)တွင် ဒေါ်စုစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဖြစ်သော ဒေါ်စိုးစိုးနွယ်၏ ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ခင်(ခ)မြင့်မြင့်ဝင်း (ဘ) ဦးပု (SPTA-003439)၊ အမှတ်(၁၉၉၉/က)၊ ရတနာလမ်း၊ (ဒ/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ခင် (ခ) မြင့်မြင့်ဝင်းနှင့် ဦးတင်ဝင်းတို့ လင်မယား(၂)ဦး အတူတကွပေါင်းသင်းနေထိုင်စဉ် နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဒ/၁၇)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၉၉၉/က)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ လူနေလိုင်းခန်း(၆)ခန်း အပါအဝင် မြေကွက်နှင့်မြေကွက်အမှတ် (၁၉၉၉/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ တစ်ထပ်တိုက်နေအိမ် အပါအဝင် မြေကွက်တို့အား လက်ထက်ပွားပစ္စည်း ဖြစ်ထွန်းခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးတင်ဝင်းမှာ ၁၅-၄-၂၀၂၁ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်(ခ)မြင့်မြင့်ဝင်း တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်မရှိပါ။ ထို့နောက် ၂၀၂၃ခုနှစ်တွင် ဒေါ်မြင့်မြင့်ခင်(ခ) မြင့်မြင့်ဝင်းသည် ၎င်း၏စားဝတ်နေရေးနှင့် ကျန်းမာရေးအတွက် အထက်ဖော်ပြပါလက်ထက်ပွားပစ္စည်းဖြစ်သော မြေကွက်အမှတ်(၁၉၉၉/ခ) အကျယ်အဝန်းပေ(၂၀x၆၀) ရှိသောမြေနှင့် နေအိမ်အား ပြန်လည်ရောင်းချခဲ့ပါသည်။ အဆိုပါရောင်းချခဲ့သည့် ရောင်းဖိုးငွေရရှိသည့်ငွေများအနက်မှ ငွေကျပ်သိန်း(၁၅၀)အား ဒေါ်မြင့်မြင့်ခင်(ခ) မြင့်မြင့်ဝင်းမှ ကွယ်လွန်သူ ခင်ပွန်း၏သမီးဖြစ်သူ မစုစုလှိုင်အား မေတ္တာစေတနာသက်သက်ဖြင့် အသိသက်သေများ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။ ထိုသို့ပေးအပ်ခဲ့စဉ်က ချုပ်ဆိုခဲ့ကြသည့် နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်တွင် နောက်နောင်တွင် မစုစုလှိုင်သည် ဒေါ်မြင့်မြင့်ခင်(ခ)မြင့်မြင့်ဝင်းပိုင်ဆိုင်သည့် ပစ္စည်းများအားလုံးနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာနှင့်မျှ တောင်းဆိုပိုင်ခွင့်၊ အကျိုးခံစားခွင့်တို့ လုံးဝမရှိတော့ပါကြောင်းနှင့် သက်ဆိုင်ခွင့်လုံးဝမရှိတော့ပါကြောင်း မစုစုလှိုင်မှ သိရှိနားလည် သဘောတူညီဝန်ခံကတိပြုပါသည်ဟူ၍ ကတိပဋိညာဉ်စာချုပ်အား ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လက်ထက်ပွားပစ္စည်းကျန်ရှိသော ရွှေပြည်သာမြို့နယ်၊ (ဒ/၁၇)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ် (၁၉၉၉/က)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ လူနေလိုင်းခန်း(၆)ခန်းအပါအဝင် မြေကွက်နှင့်ပတ်သက်၍ ကွယ်လွန်သူ ဦးတင်ဝင်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်(ခ)မြင့်မြင့်ဝင်း တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး စီမံခန့် ခွဲပိုင်ခွင့်ရှိသူသာ ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ခင် (ခ) မြင့်မြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုးမြင့်(LL.B)** | **ဒေါ်လင်းနန္ဒာထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၁)** |

**တိုက်-၉/၁၁၊ အခန်း-၁၀၃(E)၊ ပထမထပ်(၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၀၂၁၅၁၉၊ ၀၉-၄၂၄၇၅၅၄၉၊ ၀၉-၇၉၆၂၁၃၃၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-ခ၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၁၈၀)၊မြေဧရိယာ၀ ဒသမ ၁၂၅ ဧကရှိ မြေကွက်သည် ဦးမရစ်ဘရန်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး ဧရိယာ၀ ဒသမ ၁၂၅ဧကအနက်မှ ၀ ဒသမ ၀၃၄ဧကကို ဦးဂမ်ရိန်၊ ဒေါ်ထုဆိုင်းပန်တို့ထံသို့ ၁၆-၂-၂၀၂၄ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၀၈၆/၂၀၂၄)ဖြင့် ရောင်းချ ခဲ့ပြီး ကျန်ရှိသည့်ဦးပိုင်(၁၈၀-က)၊ ဧရိယာ၀ ဒသမ ၀၉၁ ကေအပိုင်းကို ဦးမရစ်ဘရန်အမည်ဖြင့် ဦးပိုင်ခွဲ၊ ဧရိယာလျော့ မြေငှားဂရန် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၄၁)၊ ဦးပိုင်အမှတ် (၅/က)၊ မြေဧရိယာ၀ ဒသမ၀၆၁ကေ ရှိမြေကွက်သည် မူလက ဦးသိန်းမောင် အမည်ဖြင့်၁၃-၁၂-၂၀၁၄ ရက်အထိ(၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးသိန်းမောင် (မြစ်ကြီးနားမြို့နယ်တရားရုံးမှ ဒုတိယမြို့နယ်တရားသူကြီး(၃)၏ အခွင့်အာဏာပေးအပ်သူ ဦးနန်ဟီးဂျုံရမ်)က ၁၉-၁၂-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၄၉/၂၀၂၄)အရ ဒေါ်ဟို့ရင် ၁/ဝမန (နိုင်)၀၆၆၂၅၂ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဟို့ရင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ မြစ်ငယ်လမ်း၊ အမှတ်(၁၀၂)နေ ဒေါ်တင်ရီ(ISN-၂၀၈၆၇၀)၊ ဒေါ်မိမိဆွေ ၁၂/လမတ(နိုင်)၀၀၄၆၂၉၊ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊အမှတ်(၆၃၄)နေ ဦးကျော်ကျော်အောင် ၁၂/လမတ(နိုင်)၁၃၈၈၁၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ မြို့သစ်၊ (၄)ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၀၂)၊ ဧရိယာပေ (၃၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်နေအိမ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်ရီ၊ ဒေါ်မိမိစိုး၊ ဒေါ်မိမိဆွေ၊ ဦးကျော်ကျော်အောင်တို့မှ အမွေဆိုင်များအဖြစ် ပိုင်ဆိုင်ကြပါသည်-

အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်၍ ဒေါ်တင်ရီ၊ ဒေါ်မိမိဆွေ၊ ဦးကျော်ကျော်အောင်တို့၏ သဘောတူညီမှု ခွင့်ပြုချက်မရှိဘဲ မည်သူကမျှ မြေငှားဂရန်လျှောက်ထားရယူခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမင်း ( B.A.,H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၉၆၈၀)**
**အမှတ်(၆၃၄)၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၃၁၆၄၅၄၈**

## ဇနီးအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ကိုပြည့်ဖြိုးအောင် TPN-124428 ၏ဇနီးဖြစ်သူ မချစ်ဖူးဟန် ၇/သနပ(နိုင်)၁၂၆၉၄၆ သည် ခင်ပွန်းဖြစ်သူ ကျွန်တော့်အား အမျိုးမျိုးစိတ်အနှောင့်အယှက်ပေး၍ စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မချစ်ဖူးဟန်နှင့် ပတ်သက်သော စီးပွားရေး၊ လူမှုရေး အရှုပ်အရှင်းများ၊ ငွေကြေးအရှုပ်အရှင်းများ၊ အရောင်းအဝယ်ကိစ္စများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်တော်နှင့် မသက်ဆိုင်ကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ကိုပြည့်ဖြိုးအောင် TPN-124428**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မမိုးပပသိန်း ၁၂/ဒဂမ(နိုင်)၀၁၈၃၀၀သည် မိဘများ၏ ဆိုဆုံးမစကားကို နာခံမှုမရှိဘဲ မိဘများ ဂုဏ်သိက္ခာကျအရှက်ရကာ ကိုယ်စိတ်နှလုံးပါ ဆင်းရဲအောင် စိတ်ဒုက္ခပေး၍ လုံးဝခွင့်မလွှတ်နိုင်လောက်သောကိစ္စကို တမင်လုပ်ဆောင်ခဲ့သည့်အတွက် မမိုးပပသိန်း အား မိဘများဖြစ်သည့် ဦးကြည်သိန်း ၁၂/လကန(နိုင်)၀၉၇၈၄၂နှင့် ဒေါ်မြင့်ငွေ ၁၂/လကန(နိုင်)၀၉၇၈၄၃ တို့က ၃၀-၁-၂၀၂၅ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသီးခံပါ။)**
**ဦးကြည်သိန်း - ဒေါ်မြင့်ငွေ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းဝင်း(LL.B,D.ML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၂၉/၂၀၁၄)**
**အမှတ်(၉၆၂)၊ ဗိုလ်စောဦးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၅၁၈၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊မြေကွက်အမှတ်(၅၆၅)၊ အကျယ်အဝန်း ပေ(၂၅x၅၀)၊ (၁၂၅၀)စတုရန်းပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် (၅၆၅)၊ ဒုတိယထပ် (ခေါင်းရင်းခန်း)၊(၆)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အကျယ်အဝန်း ( ၁၁ပေခွဲ x ၄၈ပေ) ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်များအားလုံးတို့ကို ဦးယုလွင် ၆/လလန(နိုင်)၀၄၆၃၃၇ မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမှ မရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်တင်ဇာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)
အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၈၃၅၃၅၀၀၃

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၃၇၃ )
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂
## ကွယ်လွန်သူ ဦးတင်နု ၏ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်မေရီဝင်း လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျောက်ရေတွင်းကျေးရွာ၊ ခရေပင်လမ်း၊ အမှတ်(၅၀)နေ ဒေါ်မေရီဝင်းက ကွယ်လွန်သူ ဦးတင်နု၏ တရားဝင်ဇနီး ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျောက်ရေတွင်းကျေးရွာ၊ ခရေပင်လမ်း၊ အမှတ် (၅၀) နေ ၎င်းကွယ်လွန်သူ ဦးတင်နုမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးတင်နုမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူ သမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်မေရီဝင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
တွဲဖက်ခရိုင်တရားသူကြီး(၃)
သန်လျင်ခရိုင်တရားရုံး

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မလောင်နန် ၁/နမန(နိုင်)၀၀၅၂၈၉ ၏ ပတ်စ်ပို့နံပါတ် (MA-907273)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၂၁၇၆၉

## ပတ်စ်ပို့ပျောက်

ကျွန်မဒေါ်ဂီတာ ၁/မကန(နိုင်) ၀၉၈၀၀၅ ၏ ပတ်စ်ပို့နံပါတ် (MA-580780) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၆၄၉၄၀၈

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မွန်းဂျာ ၁/မကတ(နိုင်)၀၆၆၉၇၆ ၏ ပတ်စ်ပို့နံပါတ် (MA-520363) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၀၆၆၂၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝါပြည့် ၉/ဝတန(နိုင်)၁၃၃၀၆၂ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၇၊ မြေကွက်အမှတ် - ၁၉၆၊ လူနေရပ်ကွက် - ၄၇၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၁၉၆)ရှိ ပေ(၄၁ x ၆၀)၊ ဦးဘီပေါလယား အမည်ပေါက် နှစ်(၆၀)နှင့် အမျိုးအစားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး စာရွက်စာတမ်းအားလုံးကိုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းထွန်း ၈/စလန(နိုင်)၀၁၁၅၁၇ ထံမှဝယ်ယူရန်အတွက် စရန် ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ဤကြော်ငြာပါပြီး ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါကဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ဥမ္မာဦး
တရားလွှတ်တော်ရှေ့နေ
(အယ်လ်အယ်လ်ဘီ - စဉ် ၉၆၃၃)
ဖုန်း -၀၉-၄၂၁၀၈၀၃၂၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဂူနာနေဒီ၏သား မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အပိုင်း(၁၄)၊ အမှတ်(၁၂၃၆)နေ ဦးဘစ္စနူးပါရှံဆပ်(ခ) ဦးကံချား (MKA-၁၄၃၈၄၃) သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့၊ အထက-ခတ်ချို ကျောင်း၊ Grade-11 မှ မောင်ကျန္တရာဇဟာဒူး၏ ဖခင် ဦးဟာရိကာဇဟာဒူး(ခ)ဦးခါန်ဂါဇဟာဒူး ၁/ဝမန(နိုင်)၀၅၂၂၃၄ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ အမှတ်(၁)စီပင်သာနေ (ဦးသိန်းငွေ) ၇/ရတရ (နိုင်)၀၁၅၅၄၈ နှင့် ဒေါ်ညွှန့်ထွေး ၇/ရတရ(နိုင်) ၀၁၅၅၅၅ တို့၏သမီးဖြစ်သူ မမေဆွိ ၇/ရတရ(နိုင်)၀၇၄၁၂၈ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအားလုံး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင် ပြုလုပ်သဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင် သမျှကိစ္စအဝဝတို့ကို မိဘနှင့်မောင်နှမများမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဒေါ်ညွှန့်ထွေး ၇/ရတရ(နိုင်)၀၁၅၅၅၅

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး ခရိုင်၊ ကလေးမြို့၊ အ-ထ-က ဆည်တော်ဦး၊ Grade-11 မှ မယွန်းနဒီခင်၏ ဖခင်အမည်မှန်မှာ ဦးဇေလတ် ၇/ဝမန(နိုင်)၀၇၆၆၃၆ ဖြစ်ပါကြောင်း။

ဦးဇေလတ်

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဖားကန့်မြို့၊ မော်ဝမ်းရပ်ကွက်(၅)နေ ကျွန်မ ဒေါ်ဆိုင်းခေါန်(ခ) ဒေါ်မဂျီဆိုင်းခေါန် ၁/မကတ(နိုင်)၁၂၃၃၁၃၏ခင်ပွန်းဖြစ်သူ ဦးချစ်မိုးသူ ၁/မကန (နိုင်)၁၉၁၄၄၅သည် ကချင်ရိုးရာ ယဉ်ကျေးမှုရုံးတော်၌ ၁၁-၇-၂၀၂၃ရက်တွင် နှစ်ဦးသဘောတူ ဝန်ခံကတိပြုထားခဲ့သော်လည်း ဦးချစ်မိုးသူမှ ဝန်ခံကတိပြုချက် များကို လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ၁၁-၉-၂၀၂၄ရက်တွင် ဂျိန်းဖော့ရိုးရာ ယဉ်ကျေးမှုအဖွဲ့ချုပ်၏ ထောက်ခံချက်အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်၍ ဝန်ခံကတိပြုချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းကိစ္စနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆိုင်းခေါန် (ခ) ဒေါ်မဂျီဆိုင်းခေါန်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6866 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

# ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ) စျာပနအတွက်ကျေးဇူးတင်လွှာ

ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၏ စျာပနကိစ္စအတွက် အစစ ကူညီပေးကြသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်မှ ဆရာတော်သံဃာတော်များ၊ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ/သံရုံးအသီးသီးမှ တာဝန်ရှိသူများ၊ ဆရာသမားများ၊ စာပေရောင်းရင်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ ဆရာ၊ ဆရာမ၊ တပည့်များ၊ မြန်မာစာမိသားစုဝင်များအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု
ဇနီး စုစုနွယ် သမီး သူသူနွယ်အေး

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန် နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ Grade-10 မှ မဇုံပလီဆိန်းတောင်၏ အမည်မှန်မှာ မဇုံပလီဆိန်းဒေါင် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၂-၃-၂၀၀၅ ဖြစ်၍ ၎င်း၏မိဘအမည်မှန်မှာ ဦးဇုံပလီဆင် ၁/နမန(နိုင်)၀၀၃၄၃၂ နှင့် ဒေါ်ဆုန်ဒမ်းချန် ၁/နမန(နိုင်)၀၀၃၉၉၁ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၅/၁၊ အချပ်-၁)၊ မြို့ဟောင်းကွင်း၊ ဦးပိုင်အမှတ် (၄၂/၄)၊ မြေဧရိယာ ၀ ဒသမ ၆၄ဧကရှိမြေကွက်အား မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးအောင်နိုင်လင်း(ခ)ကျော်လင်း ၁/မကန(နိုင်)၀၈၂၇၇၅မှ TOPအမည်ဖြင့် စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ်ရန်အတွက် စက်မှု/စီးပွား မြေငှားဂရန် အသစ်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုးကောင်းမြို့

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၄၃/၁၊ ကန့်ကူးရပ်)၊ ဦးပိုင်အမှတ်(၄၀/၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ မြေကွက်သည် မူလက ဦးဘရန်ရှောင် အမည်ဖြင့် ၁၆-၇-၂၀၁၅ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဘရန်ရှောင်က ၂၃-၁၂-၂၀၂၄ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၅၂/၂၀၂၄) မူလမြေ ဧရိယာ ၀ ဒသမ ၀၈၀ဧက အနက်မှတောင်ဘက်အခြမ်းဧရိယာ ၀ ဒသမ ၀၃၄ ဧကကို ဦးပိုင်ခွဲစိတ်၍ ဒေါ်ဒီမ်နွယ်ကျိန် ၁/ဝမန(နိုင်)၀၆၂၀၇၂၊ မောင်ဇော်ခွန်းဒူ ၁/ဝမန(နိုင်)၁၁၂၂၃၈(၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဒေါ်ဒီမ်နွယ်ကျိန်ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/ အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆိုယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ် (၁၇/၁က)၊ ဦးပိုင်အမှတ်(၇/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ မြေကွက်သည် မူလက ဒေါ်လက်ချီမာဒေဗီအမည်ဖြင့် ၁၉-၅-၂၀၅၃ရက် အထိ (၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်လက်ချီမာဒေဗီ(၎င်း၏အထူး ကိုယ်စားလှယ် လွှဲစာရရှိသူဒေါ်မီးမီး(ခ)ဂိုနာမာယာ)က ၅-၄-၂၀၂၄ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၅၈/၂၀၂၄ အရ အဆိုပါမြေကွက်အား ဦးဘိုချိဗဟာဒူး ၁/ဝမန(နိုင်)၀၆၂၈၈၁ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဘိုချိဗဟာဒူးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူ မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၂/၁၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၂၇)၊ မြေဧရိယာ ၀ ဒသမ ၁၃၉ ဧကရှိ မြေကွက်သည် မူလက ဦးလဆောင်အမည်ဖြင့် ၂၀-၁၀-၂၀၄၄ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလဆောင်က ၁၀-၆-၂၀၂၄ ရက်စွဲ ပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၉၉/၂၀၂၄)အရ မူလဧရိယာ ၀ ဒသမ ၁၃၉ဧကေ အနက်မှအနောက်ဘက်အခြမ်း ၀ ဒသမ ၀၅၈ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ချမ်းဆောင် ၁/မညန(နိုင်)၁၇၉၂၂၀ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါအဆိုပါမြေကွက်အား ဒေါ်ချမ်းဆောင်အမည်ဖြင့် (ဦးပိုင်ခွဲ/အမည် ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွင်းအမှတ်(၇၁)၊ ဦးပိုင်အမှတ်(၁၆/၂က-၇)၊ မြေဧရိယာ ၀ ဒသမ ၃၈၆ဧကရှိ မြေကွက်သည် ဒေါ်ဝေဝေသန်း ၁/ဗမန(နိုင်)၀၈၁၉၈၉ အမည်ဖြင့်မြို့မြေခွန်ပြေစာစည်းကြပ် လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်ပေါ်တွင် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဒေါ်ဝေဝေသန်းအမည်ဖြင့် မြေငှားဂရန် (စက်မှု/ စီးပွား) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှု အား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ ဦးဌေးလွင် ၅/ကလထ(နိုင်)၀၀၃၂၃၉ နှင့် ဒေါ်မေစီ ၅/ကလထ(နိုင်) ၀၀၃၂၄၀တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်၊ နယ်မြေ(၁၀)၊ အိမ်အမှတ် (၃၆)၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်- ဦးစိုးသိန်း၊ တောင်လားသော်-ဦးဝင်းနိုင်၊ မြောက်လားသော်-ဒေါ်မာမာဦး အလား လေးရပ်အတွင်းရှိ ကွင်း/အကွက် အမှတ်နှင့်အမည် ၆၆-ခ/၅ ကလေးမြို့ အလယ် တောင်၊ ဦးပိုင်အမှတ်-၅၆၊ ဧရိယာ (၀ ဒသမ၀၉၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့် ကွင်း/ အကွက်အမှတ်နှင့်အမည် ၆၆-ခ/၅ ကလေးမြို့ အလယ် တောင်၊ ဦးပိုင်အမှတ်-၇၇၊ ဧရိယာ (၀ ဒသမ ၀၉၂)ဧကရှိမြေကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် ၆၆-ခ/၅ ကလေးမြို့၊ အလယ်တောင်၊ ဦးပိုင်အမှတ်-၇၈၊ ဧရိယာ (၀ ဒသမ ၀၉၂)ဧကရှိ အရှေ့လားသော်-လမ်း၊ အနောက်လားသော်- ဝန်းကွက်လပ်၊ တောင်လားသော်- ဒေါ်ဝင်းရီ၊ ဦးစည်သူဝင်း၊ မြောက်လားသော်-ဒေါ်ကြည်သောင်းအတွင်းရှိ မြေကွက် တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးလွင်နှင့် ဒေါ်မေစီ တို့ကသာ ပိုင်ဆိုင်ပြီးလက်ရှိထား စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါ မြေကွက်များအားလုံးနှင့်မြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ များ၏ သဘောတူ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦး တစ်ယောက်မျှ မြေကွက်တွင်းသို့ ဝင်ရောက် ကျူးကျော်ခြင်း မပြုလုပ်ပါရန်နှင့် အခြားသူထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံ တင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများ မပြုလုပ်ပါရန် အသိပေး တားမြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက် မရရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်း ခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ပေးအပ်ခြင်းများ ပြုလုပ်ပါက ပြုလုပ်သူနှင့်လက်ခံသူများအပေါ် တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်က အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးဌေးလွင်+ဒေါ်မေစီ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြနွယ်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၆၆/၁၇)**
**မင်းသုခလမ်းသွယ်(၁)၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း-၀၉ ၄၀၀၄၉၃၆၄၀**

## ဦးနီအောင်
### စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၂၂)
### အသက် (၆၇) နှစ်

ရန်ကုန်မြို့နေ (ဦးဘသောင်း - ဒေါ်သိန်းသိန်း) တို့၏ သားငယ်၊ (ဦးစံလွန်း - ဒေါ်အေးရွှေ) တို့၏ သားသမက်၊ မောင်ကောင်းမြတ်စံ - မဆုပိုက်အောင်၊ မဆုရည်အောင်၊ မငွေကြယ်ဆုအောင် တို့၏ ဖခင်၊ ဒေါ်နီလာလွန်း ၏ ခင်ပွန်း ဦးနီအောင် သည် ၃-၂-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် ၁၁:၀၉ နာရီချိန်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီချိန် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုဝေယံအောင်
### (MFOCN)
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘောဂဗလအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀၂)နေ ဦးခင်မောင်သက်၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒေါ်ကြည်ကြည်သန်း တို့၏ သားကြီး၊ မအိကေဇင်ဖြိုး (Germany)၊ ဒေါက်တာ ဘုန်းမိုးခန့် တို့၏ အစ်ကို၊ မနန်းစန္ဒာထွန်း၏ခင်ပွန်း၊ မောင်မြတ်ဘုန်းမာန် ၏ဖခင် ကိုဝေယံအောင်သည် ၃-၂-၂၀၂၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁၄၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂၀၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃)၊ ဦးပိုင်အမှတ် (၁၇၉/၃)၊ မြေဧရိယာ ၀ ဒသမ ၂၇၂ ဧကရှိ မြေကွက်သည် ဦးကျော်ဝင်း ၁/မကန(နိုင်)၀၃၃၉၉၈အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဦးကျော်ဝင်း အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/1833, Suzuki Carry-DA-21T ယာဉ်လက်ဝယ်ရှိသူ Soe Electric Foundation က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အကွက်အမှတ်(၁၀၄)၊ ကျောက်စရစ်ကုန်းမြောက်အကွက်၊ ဦးပိုင်အမှတ် (B-၆၊ B-၇၊ B-၈)၊ ဧရိယာ(၀ဒသမ ၁၉၇)ဧကရှိ မြေကို ဦးကျော်ကျော်ဝင်း အမည်ဖြင့် မြေပေးမိန့်ခွင့်ပြုပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော် ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/26469, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/တကန(နိုင်) ၁၁၈၆၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/70530, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလှိုင်ဝင်း ၉/လဝန(နိုင်)၂၄၅၄၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနီအောင်
### အသက်(၆၇)နှစ်

ဒေါ်နီလာလွန်း ၏ ခင်ပွန်းဖြစ်သူ ဦးနီအောင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) မှသူငယ်ချင်းများ**

## ဒေါ်မြချစ်(ဟာမစ်တစ်)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၃)နေ (ဦးမင်္ဂလာ-ဒေါ်သန်းမြင့်) တို့၏သမီး၊ (ဦးအောင်လှ-ဒေါ်ရွှေမဖြူ) တို့၏သမီးချွေးမ၊ ဒေါ်မြမြသင်း-ဦးမောင်တိုး၊ ဒေါက်တာဇင်ဇင်သော်-ဦးမျိုးအောင်(ခေတ္တ-စင်ကာပူ)၊ (ဒေါ်လှဲ့လှဲ့ဖြူ)၊ ဒေါ်နှင်းနှင်းဝေ-ဦးစံဖြိုးအောင်၊ ဦးပြည့်ဖြိုးဇော်(ခေတ္တ-စင်ကာပူ)-ဒေါ်ယွန်းပန်းအိလွင်) တို့၏မိခင်၊ ဦးထွန်းလှစိန် (ဒုဦးစီးမှူး-(ငြိမ်း) ဗဟန်း၊ ကမာရွတ်၊ ထွေ/အုပ်)၏ ချစ်လှစွာသောဇနီး၊ မြေး ခြောက်ယောက် တို့၏အဘွား ဒေါ်မြချစ် အသက်(၇၂)နှစ်သည် ၃-၂-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၁၁:၃၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၅-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

ကလောမြို့၊ Little Prince ရပ်ကွက်(၁၀)၊ မင်းလမ်းနေ ဦးဖေသိန်း၏သမီး မနန်းချိုချိုအေး ၁၀/သထန(နိုင်) ၁၅၉၉၉၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(M-450668)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၇၃၆၆၇**

## ပတ်စ်ပို့ပျောက်

တာမိုးညဲမြို့နယ်၊ ရှောက်ဟော်ရွာနေ ဦးရန်ယုန်ဖိန့်၏သမီး ဒေါ် ယုန်လျှံမေ (ခ) ရန်ဆုံမေ ၁၃/ကခန(နိုင်) ၀၃၈၃၈၆၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-738834) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၅၇၆၈၂**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ရပ်စောက်မြို့၊ ဥတ္တတားရပ်ကွက်နေ ဒေါ်ရီ ၁၃/ရစန(နိုင်) ၁၀၁၆၄၄၊ ဦးမြဦး ၁၃/တကန(နိုင်) ၁၉၆၉၇၄၊ ဒေါ်ခင်သက်မာ ၁၃/ရစန(နိုင်) ၀၁၀၂၅၄၊ ဦးကိုကိုလေး ၁၃/ရစန(နိုင်) ၀၁၁၄၁၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ဥတ္တတားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/ပန်းပင်ရပ်/၂၂-၄၁)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးမြဦး ဂရန်အမည်ပေါက်သောမြေကွက်သည် ဒေါ်ရီပိုင်ဆိုင်သော အိမ်ခြံမြေကွက်ဖြစ်ပြီး သားဖြစ်သူ ဦးမြဦးအမည်ဖြင့် ဂရန်အမည် လျှောက်ထားရယူခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ စာချုပ်စာတမ်းမူရင်းများ၊ မြေခွန်ပြေစာမူရင်းများ၊ ဂရန်မူရင်း စာမှတ်စာတမ်းများသည် ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်သော ဂရန်မူရင်းအား သက်ဆိုင်ရာဌာနများ၌ ဂရန်မူရင်းပြန်လည် ရရှိရန်အတွက် ဆောင်ရွက်ပြီး အမွေခွဲဝေခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်လာရောက်ကာ ကန့်ကွက်နိုင်ပါသည်။ (၁၄) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးမြဦးအမည်ပေါက် အမွေဆိုင်မြေကွက်နှင့်ပတ်သက်၍ ဂရန်မူရင်းပြန်လည်လျှောက်ထားခြင်း၊ အမွေခွဲဝေခြင်းများအားလည်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမမောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၁၇)**
**အမှတ်(၄/၈၁)၊ ရေထွက်ဦးလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၂၅၉၉၈၂၀၀၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ စာတိုက်တန်းလမ်း၊ အမှတ်(၇၃၅)နေ ဦးသန်းကိုကို-ဒေါ် ဝါဝါခိုင် ၇/ပမန(နိုင်) ၁၃၁၈၅၁ တို့၏သား မောင်မင်းခန့်ပိုင် ၇/ပမန(နိုင်) ၂၃၄၈၂၆သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါခိုင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာနေ ဦးတင်ဖေ၏ သား မောင်တင်ထွန်းလေး ၁၃/ရငန(နိုင်) ၀၆၇၈၀၄သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးတင်ဖေ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်တင်တင်မေ
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### မြစ်ကြီးနား/မော်လမြိုင်
### အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၃၅)နေ (ဦးမြတ်သော်-ဒေါ်ကြွယ်)တို့၏သမီး၊ (ဦးဘမူ)-ဒေါ်တင်တင်ဆွေတို့၏အစ်မ၊ ဦးကိုရီထွန်း၊ ဦးမျိုးဝင်း-ဒေါ်ပပထွန်းသိန်းတို့၏ မိခင်၊ (ဦးထွန်းသိန်း)၏ဇနီး ဒေါ်တင်တင်မေသည် ၂-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၆-၂-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း လိုက်ပါပို့ဆောင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၅ရက် (စနေနေ့) နံနက်တွင် အမှတ်(၃၅)၊ ရွှေဝါထွန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာခင်နွဲ့နွဲ့ဇော်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဦးငွေ-ဒေါ်လှသီ)တို့၏သမီး၊ (ဦးခိုင်-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာ ခင်ဇော်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ သန့်ဇော်လင်း-ဒေါက်တာ ယုဇနခင်ဇော်နှင့် ဒေါက်တာ ရှိန်းဇော်ဟိန်း-မယုဇနမြင့်ငွေးတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါက်တာခင်နွဲ့နွဲ့ဇော် သည် ၃၁-၁-၂၀၂၅ ရက်(သောကြာနေ့)ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၅ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးညာတိ၊ ဆရာတပည့် အပေါင်းတို့အား စိတ်နှလုံးညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမျိုးသက်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇)၄A ဦးစံညွန့်လမ်းနေ ဒေါ်သန်းသန်းငွေး၏ ချစ်လှစွာသောခင်ပွန်း၊ သုဝဏ္ဏ၊ တိုက် ၁၇၁/အခန်း(၈)၊ ကောက်လျှင်လမ်းသွယ်(၂)နေ(ဦးအေးလှိုင်-ဒေါ်သန်းစိန်)တို့၏သား၊ လှိုင်သာယာမြို့နယ်၊ တပင်ရွှေထီးလမ်း၊ ၁၇၁၅/၁၇၁၇နေ ဦးကျော်စိန်(ခ)ဦးကျော်လေး-(ဒေါ်တင်ငွေ)တို့၏သားသမက်၊ ကိုကျော်မြင့်လှိုင်၊ မဝေဖြိုးနွယ်၊ ကိုဇေယျာလင်း-မအေးမြတ်မွန်၊ မမေအိန္ဒြာဖြိုးတို့၏ချစ်လှစွာသောဖခင်၊ မယုစျာန်မြင့်လှိုင်၏ အဘိုးဖြစ်သူ ဦးမျိုးသက်သည် ၂-၂-၂၀၂၅ရက်(တနင်္ဂနွေနေ့)ည ၇:၁၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၅ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများကို အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၅ရက်(စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မူလွန်(ဂျိတ်ဆွဲ)ကျောင်းမှ ဦးဇေယျာလင်း(မူအုပ်) ၁၃/ကလတ(နိုင်) ၀၃၂၂၃၀ ၏ ဖခင် ဦးအုန်းငွေနှင့် ဦးခင်ထွေးတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်းငွေ(ခ)ဦးခင်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြို့တော်ခန်းမ၊ စည်ပင်အိမ်ရာဝန်း၊ တိုက်အမှတ်(ဘီ-၄)၊အခန်း(၀၃) နေ ဦးကျော်မျိုးသူ၏ သား မောင်ဘုန်းမြတ်သာ (ခ)မောင်ဖြိုးသူအောင်(ခ) မောင်ထက်မြတ်ခန့် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဘရန်တောင် ၁/မကန(နိုင်)၁၆၈၈၂၉ ၏ ဖခင် ဦးမင်္ဂေါင်နော် နှင့် ဦးမင်္ဂေါင်နော်(ခ)ဂွမ်ဆန် သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ အမှတ်(၈၈၈)၊ 1B(မြေညီထပ်ခြေရင်း)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးတင်မောင်အေး ၉/ခအဇ(နိုင်) ၀၁၂၃၆၇၊ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်) ၀၅၄၄၇၉တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးခင်ဇော် ၁၄/ဒဒရ(နိုင်) ၀၈၂၉၁၃၊ ဒေါ်ယဉ်ယဉ်မော် ၁၄/ဒဒရ(နိုင်) ၀၈၂၉၁၄တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့လယ်လမ်းနေ (ဘ) ဦးမြင့်စိုးလှိုင်(အမိ) နော်မြင့်ကြည်တို့၏ သမီးဖြစ်သူ မထက်ထက်လှိုင် ၇/မလန(နိုင်)၀၉၇၆၇၉သည် မိဘဖြစ်သူတို့၏ သွန်သင်ဆုံးမမှုကို လက်ခံနာယူခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအားရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိုးလှိုင် ၇/ မလန(နိုင်)၀၂၂၃၈**
**နော်မြင့်ကြည် ၇/မလန(နိုင်)၀၄၃၀၃၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

---

## ဂျပန်ကုမ္ပဏီ ၄၅၀ ကျော်က မြန်မာလုပ်သား ၁၅၀၀ ခန့်ခေါ်ယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဂျပန်ကုမ္ပဏီ ၄၅၀ ကျော်က မြန်မာလုပ်သား ၁၅၀၀ ခန့်ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၏ အလုပ်ကမ်းလှမ်းစာ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

သံရုံး၏ထုတ်ပြန်ချက်တွင် မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ ( Demand Letter ) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများစိစစ်၍ စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ❑



ယခင်နှစ်က ဂျပန်နိုင်ငံကုမ္ပဏီများသို့ သွားရောက်လုပ်ကိုင်သည့် မြန်မာလုပ်သားများကို တွေ့ရစဉ်။

---



အာဆင်နယ်အသင်းတိုက်စစ်ကစားသမား ဟာဗက်ဇ် မန်စီးတီးအသင်းဘက် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## အာဆင်နယ်က မန်စီးတီးကို ဂိုးပြတ်အနိုင်ယူပြီး လီဗာပူးနှင့် ခြောက်မှတ်ကွာ ရောက်လာ

ပရီမီယာလိဂ်ပွဲစဉ် (၂၄) မှ အာဆင်နယ်နှင့် မန်စီးတီးအသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည့်အတွက် ဦးဆောင်သူလီဗာပူးအသင်းနှင့် ခြောက်မှတ်အကွာသို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် ည ၁၁ နာရီက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ အာဆင်နယ်အသင်းမှ အားထားရသည့် ကွင်းလယ်တိုက်စစ်

စာမျက်နှာ ၂၁ ကော်လံ ၅ ❖

---

## MNL ပြိုင်ပွဲ မဟာယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း နိုင်ပွဲယူ

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးဇယားအလယ်တွင် အပေါ်၊ အောက် ရပ်တည်နေသည့် နှစ်သင်း

စာမျက်နှာ ၂၁ ကော်လံ ၁ ❋

---

**ယနေ့ သတင်းအညွှန်း**

ကျွန်တော်တို့ဒေသထွက် ရှီးပတီး ကုန်ကြမ်းနဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ အမွှေးနံ့သာဆီ၊ ဝိုင်၊ အသားခြောက် လုပ်ငန်းနဲ့ ကျွန်တော်တို့ပြည်နယ်ကထွက်တဲ့ ကျောက်စိမ်းတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ် — တွေ့ဆုံမေးမြန်း — စာ ၁၂

ဩစတြေးလျနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွား — နိုင်ငံတကာသတင်း — စာ ၁၄

မုံရွာမြို့နယ်၌ ငရုတ်သီးနှံများထွက်ပေါ်၍ အကျိုးအမြတ်ရရှိ — စီးပွားရေးသတင်းများ — စာ ၁၈